ကြေးမုံ
The Mirror
၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ (13-6-2012) (၇၁၅၀)

**ဒို့တာဝန်အရေးသုံးပါး**

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။



**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Peace Donor Support Group မှ ဦးဆောင်ဆက်သွယ်နိုင်ငံဖြစ်သည့် နော်ဝေနိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၊ ဩစတြေးလျနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂတို့မှ ကိုယ်စားလှယ် အဖွဲ့များအား နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန (MICC) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။**(သတင်းစဉ်)

# မိမိတို့နိုင်ငံတွင် မြန်မာနိုင်ငံငြိမ်းချမ်းရေးဗဟိုဌာန (Myanmar Peace Center) ဖွဲ့စည်းထူထောင်ပြီးဖြစ်
# PDSG အဖွဲ့နှင့် ပူးပေါင်း၍ မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားမည်
# မိမိတို့၏ရည်မှန်းချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် ဥပဒေတစ်ခုတည်းအောက်တွင် တန်းတူညီမျှ နေထိုင်ရေးဖြစ်

နေပြည်တော် ဇွန် ၁၂

**ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် Peace Donor Support Group မှ ဦးဆောင်ဆက်သွယ်နိုင်ငံဖြစ်သည့် နော်ဝေနိုင်ငံနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၊ ဩစတြေးလျနိုင်ငံ၊ ဗြိတိန်နိုင်ငံ၊ ကမ္ဘာ့ဘဏ်နှင့် ဥရောပသမဂ္ဂတို့မှ ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးသိန်း၊ ဦးသိန်းညွန့်၊ ဦးအုန်းမြင့်၊ ဦးဇော်မင်း၊ ဦးသန်းငွေ၊ ဦးခင်ရီ၊ ဦးဝင်းထွန်း၊ ဦးခင်မောင်စိုးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က Peace Donor Support Group (PDSG) မှ ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတကြီးက ဦးစွာဆွေးနွေးပြောကြားရာတွင် ဒီမိုကရေစီအတွေ့အကြုံ၊ အလေ့အကျင့်နှင့် ဒီမိုကရေစီသက်တမ်းနုနယ်သေးသည့် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီဆက်လက်ရှင်သန်ရေးအတွက် အဓိကလိုအပ်ချက်(၂)ရပ်ဖြစ်သော တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးအတွက် ပထမလိုအပ်ချက်ဖြစ်သည့် နိုင်ငံရေးလုပ်ငန်းစဉ်များ၌ အားလုံးပူးပေါင်းပါဝင်နိုင်စေရေးအတွက် ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ကြောင်း။

ထို့အတူ ဒုတိယလိုအပ်ချက်ဖြစ်သော ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ဆောင်ရွက်ရာတွင် **စာမျက်နှာ ၃ ကော်လံ ၁ သို့◆**

# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်း
# စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး
# မစ္စတာ ဂိုချောက်တောင်နှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၂**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင် ဦးဆောင်သောအဖွဲ့အား ယနေ့ညနေ ၆ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးခန်းမဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးစိုးသာ၊ ဦးသိန်းဆွေ၊ ဦးလှမြင့်ဦး၊ ဦးသူရိန်ဇော်၊ ဦးငွေမြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးနှင့်အတူ ဝန်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသံအမတ်ကြီး H.E. Mr. Robert Chua တို့ တက်ရောက်ကြသည်။

ယင်းသို့တွေ့ဆုံစဉ် မြန်မာ-စင်ကာပူ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

(သတင်းစဉ်)



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး မစ္စတာ ဂိုချောက်တောင်အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ အစည်းအဝေးခန်းမဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။** (သတင်းစဉ်)

ကြေးမုံစာတည်းရှုထောင့် ၁၃-၆-၂၀၁၂(ဗုဒ္ဓဟူးနေ့)။

# အရည်အသွေးမီမှ ကြံ့ခိုင်

အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးစွမ်းကောင်းမှာ အခြားဝေးဝေးတွင် မရှိပါ။ သင် နိစ္စဓူဝစားသောက်နေသော အစားအစာများပင် ဖြစ်ပါသည်။ အစားအစာများ၌ လူတစ်ယောက်အတွက် လိုအပ်သည့်ကယ်လိုရီ အပြည့်အဝ ပါရှိရမည်။ ထို့အပြင် လူတို့ကိုဘေးဥပဒ်ဖြစ်စေတတ်သော ဘေးထွက်ဆိုးကျိုးများ မပါရှိစေရပါ။ သို့မှသာ လူတို့ဘေးဘယာဝေးကွာကာ အသက်ရှည် အနာမဲ့ ကျန်းမာမည်ဖြစ်ပါသည်။

လူတို့နေ့စဉ်ဝယ်ယူစားသောက်နေသော အစားအစာများတွင် အာဟာရပြည့်ဝသော ကယ်လိုရီ၊ ဘေးအန္တရာယ်ဖြစ်စေတတ်သော ဓာတ်ပစ္စည်းများ မည်ရွေ့မည်မျှ ပါ၊ မပါ မည်သူမျှ မသိပါ။ သာမန်ပြည်သူအများစုသည် တစ်ဝမ်းတစ်ခါး ဝမ်းဝရေးအတွက် နေ့စဉ်နှင့်အမျှ လွယ်ကူသက်သာသော အစားအစာများကိုသာ ရွေးချယ်ဝယ်ယူစားသုံးတတ်ကြပါသည်။

မြန်မာနိုင်ငံအတွင်းရှိပြည်သူအများစုမှာ ဆင်းရဲသူနှင့် လူလတ်တန်းစား လူတန်းစား အများစုဖြစ်ပါသည်။ မိမိဝင်ငွေနှင့်မိမိ ကာမိစေရန် အစားအသောက်ကို သင့်သလိုသာစားသောက်ကြပါသည်။ တစ်နေ့တာအစားအစာတွင် မိမိအတွက် အာဟာရဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ မိမိဝမ်းအိမ်ငြိမ်သက်စေဖို့ အတွက်သာ ဂရုပြုကြပါသည်။ သက်သာရာသက်သာကြောင်း တစ်ခုတည်းသာ ကြည့်ပြီး မိမိအာဟာရဖြစ်သည်၊ မဖြစ်သည်၊ ဘေးဖြစ်သည်၊ မဖြစ်သည်ကို မကြည့်ဖြစ်ကြပါ။

ရလဒ်အနေဖြင့် ယနေ့လူများမှာ ရောဂါဘယထူပြောခြင်း၊ အသက်အရွယ်အလိုက် ရှိသင့်ရှိထိုက်သည့် ခန္ဓာကိုယ်အချိုးအစားမရှိခြင်း၊ လူပိန်ပိန်၊ ကြုံလှီလှီ၊ ခြောက်ကပ်ကပ်ဖြစ်နေခြင်း စသည့်ကျန်းမာကြံ့ခိုင်သောလူသား အသွင်ဖြစ်မလာခြင်းတို့သာ ရရှိကြပါသည်။ ယင်းမှာ စားသုံးသူပြည်သူများ၏ လက်တွေ့ဘဝဖြစ်အင်များပင်ဖြစ်သည်။

ရောင်းချသူများအနေနှင့်မူ အရင်းရှင်စီးပွားရေးစနစ်ကဲ့သို့ မည်သူဘာဖြစ်ဖြစ် မိမိရောင်းကုန်ထွက်ဖို့တစ်ခုတည်းကိုသာ ကြည့်ကြပါသည်။ လူတန်းစားအများစုက ယင်းကဲ့သို့ ဈေးချိုချိုကိုသာ အလိုရှိကြသောအခါ အာဟာရရှိရှိ၊ မရှိရှိ၊ အန္တရာယ်ရှိရှိ၊ မရှိရှိ ဝယ်လိုအားရှိသော ဈေးချိုချိုစားသောက်ကုန်များကိုသာ ရွေးချယ်ဝယ်ယူရောင်းချကြပါသည်။

ယင်းပြဿနာကို ကျွန်ုပ်တို့ဝိုင်းဝန်းအဖြေရှာကြဖို့လိုပြီ ဖြစ်ပါသည်။ အဖြေမရှာလျှင် ကျွန်ုပ်တို့လူမျိုးများလည်း တစ်စတစ်စတိမ်ကောပြီး လူသေးသေးလေးများ ဖြစ်လာမည်ဖြစ်ပါသည်။ ကျွန်ုပ်တို့အာရှအရှေ့နိုင်ငံများမှ လူများသည် တစ်ချိန်က လူပု၊ လူသေးများဖြစ်ပါသည်။ နောင်သော် ကျန်းမာရေးရှုထောင့်မှ အမြော်အမြင်ရှိရှိ ဆောင်ရွက်ခဲ့ကြသောကြောင့် ယနေ့ ထိုထိုနိုင်ငံများမှ လူသားများကိုကြည့်လျှင် လူကြီးကြီးများအဖြစ် တွေ့နိုင်ကြမည်ဖြစ်ပါသည်။

ထို့ကြောင့် စားသုံးသူနှင့် ရောင်းချသူတို့အား အချိုးညီချိန်ဆ ပေးကြရမည်။ အရည်အသွေးမီ၊ အန္တရာယ်ကင်း စစ်ဆေးပေးကြရမည်။ အမျိုးသားကျန်းမာကြံ့ခိုင်ရေးမို့ အားလုံးအတူတကွ ပါဝင်ကြရမည်။ နှိုးဆော်တိုက်တွန်းစာသည် ကျွန်ုပ်တို့တွင် စာရွက်ပေါ်တွင်သာ ရှိတတ်သည့်အလေ့မို့ တိတိကျကျရောင်း၊ တိတိကျကျဝယ်၊ တိတိကျကျစားနိုင်အောင် လုပ်ပေးကြရမည်။

နှုန်းမီစံကိုက်အစားအစာများ ဖြစ်၊ မဖြစ် တိတိကျကျစစ်ဆေးကြရမည်။ တိတိကျကျဥပဒေများပြဋ္ဌာန်းပြီး တိတိကျကျအရေးယူကြရမည်။ ဒေသအလိုက် အကွက်ရိုက်၍ ကြပ်မတ်မှုများ ပြုကြရမည်။ လာရင်လုပ်လိုက် မလာရင် မလုပ်လိုက် မဖြစ်ဖို့လိုမည်။ သူတို့သူတို့ဆီတွင် အချိန်မှန် တိတိကျကျလုပ်၍ ပြည့်ပြည့်ဝဝလူသားများ ဖြစ်လာကြသည်။ ကျွန်ုပ်တို့လည်း သူတို့လိုဖြစ်လိုလျှင် တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် လုပ်ကြဖို့လိုမည်။ ။

# မအူပင်မြို့နယ် ကျောင်းရွာစံပြကျေးရွာ၌ ဆရာ ဆရာမများအား ဂုဏ်ပြုပွဲနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၂**

၂၀၁၁-၂၀၁၂ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအတွင်း အောင်ချက်ရာခိုင်နှုန်း ဒုတိယအများဆုံးအောင်မြင်ခဲ့သည့် မအူပင်မြို့နယ် ကျောင်းရွာစံပြကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းမှ ဆရာ ဆရာမများအား ဂုဏ်ပြုပွဲနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ကျောင်းရွာစံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော် ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်က ဧရာဝတီတိုင်းဒေသကြီးအတွင်း အောင်ချက်အကောင်းဆုံးဖြစ်အောင် ထူးချွန်စွာ သင်ကြားပေးသည့် ကျောင်းအုပ်ကြီးနှင့် အထက်တန်းပြ ဆရာ ဆရာမများအား လည်းကောင်း၊ သုံးဘာသာဂုဏ်ထူးရ ကျောင်းသူနှစ်ဦးအား လည်းကောင်း ဂုဏ်ပြုဆုများ ချီးမြှင့်သည်။**(အပေါ်ယာပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၏ဇနီး ဒေါ်ကျင်ခိုင်က နှစ်ဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ လေးဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ယင်းနောက် သမဝါယမဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးသန်းထွန်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းတို့က တစ်ဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၁၅ ဦးအား ဂုဏ်ပြုဆုများ ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ကျောင်းရွာ ကျေးရွာအုပ်စုရှိ စာသင်ကျောင်း ငါးကျောင်းနှင့် ထနီးကျေးရွာအုပ်စု အမက သစ်ငုတ်တိုမှ ဆရာ ဆရာမများအတွက် ကျောင်းဝတ်စုံများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၏ဇနီး ဒေါ်ကျင်ခိုင်က ကျောင်းရွာ ကျေးရွာအုပ်စုရှိ စာသင်ကျောင်း ငါးကျောင်းနှင့် ထနီးကျေးရွာအုပ်စု အမက သစ်ငုတ်တိုမှ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းဝတ်စုံနှင့် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ် လှူဒါန်းသည်။

ထို့နောက် ကဝက္ကင်း၊ထရော်စခန်းကြီး၊ သုံးခွ၊ ထရော်ညောင်ဝိုင်း၊ သုံးကြိုင် ကျေးရွာအုပ်စုများမှ စာသင်ကျောင်း ၁၀ ကျောင်းရှိ ကျောင်းသား ကျောင်းသူ ၄၉၈၀ အတွက် ဗလာစာအုပ်များကို ဒုတိယဝန်ကြီး ဦးသန်းထွန်းနှင့် တိုင်းဒေသကြီးဝန်ကြီး ဦးသန်းထွန်းတို့က ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အမှာစကားပြောကြားရာတွင် ပညာရည်တိုးတက်မြင့်မားရေး သာမက စည်းကမ်းကောင်းသည့် ကျောင်းသား ကျောင်းသူများအဖြစ် ပေါ်ထွက်လာရေး ကြိုးစားလေ့လာ သင်ကြားကြရန်၊ လာမည့်ပညာသင်နှစ်များတွင်လည်း အောင်ချက်မြင့်မားရေး အတွက် ဆက်လက်ကြိုးစား ဆောင်ရွက်သွားကြရန်စသည်ဖြင့် မှာကြားခဲ့သည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁၃-၆-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၁၀ တရားတော်

၈း၁၅ ဇာတ်လမ်းတို

၄း၂၀ ဇာတ်လမ်းတို

၄း၅၀ ရွှေဟောင်းသုတ

၅း၀၀ သာယာသီကြွေးခေတ်ဆန်းတေး

၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမေ့အပြုံး (အပိုင်း-၁၁)

၆း၂၀ Mail Box

၆း၃၅ ကာတွန်းအစီအစဉ် -အာကာသသူရဲကောင်းလေးများ (အပိုင်း-၆)

၇း၀၀ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်နိမိတ်နှင့်သက်ကယ်မား (အပိုင်း-၈)**

၈း၀၀ မြဝတီရုပ်မြင်သံကြားသတင်း -ရယ်စရာပျော်စရာဟာသကမ္ဘာ "နေတတ်ရင်ကျေနပ်စရာ" (ကောင်းပြည့်၊ စိုးပြည့်ပြည့်စုံ၊ ဧရာ၊ ခင်လှိုင်၊ စီစီ၊ တက္ကသိုလ်ဝွမ်းပုံနှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)] -အိုင်စီတီသုတ

**-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နေမင်းကဲ့သို့ထွန်းလင်းသော" (အပိုင်း-၈)**

**-ကြယ်ကလေးတို့ရဲ့ဂီတမိုးကောင်းကင်**

## မြန်မာစာအရေးအသား သန့်ရှင်းဖို့လို

ယနေ့ ဖတ်စရာ မှတ်စရာ

**မြတ်ဆွေ**

နယ်မှရောက်လာသောဦးကြီးတစ်ဦးက ပြောသည်။ "မင်းတို့ စာစောင်တွေထဲက ဆောင်းပါးတချို့ စိတ်ဝင်စားမိလို့ ဖတ်ကြည့်ပါတယ်၊ စာရေးဆရာကြီးတစ်ဦးရေးတဲ့ဆောင်းပါးမှာ အင်္ဂလိပ်စာလုံးတွေချည်းပါနေတယ်။ ငါတို့တောသားတွေ ဘိုစာမတတ်သူတွေ နားမလည်ပါဘူးကွာ" ဟု ညည်းညူပြောဆိုသွားသည်။

ကျွန်တော်တို့လည်း သတိပြုမိပါသည်။ စာနယ်ဇင်းဆောင်းပါး အတော်များများ၌ အင်္ဂလိပ်စာလုံးတွေ ညှပ်ပါနေသည်။ မြန်မာလိုအဓိပ္ပာယ်မမိမှာစိုး၍ အင်္ဂလိပ်စကားလုံးညှပ်ထည့်တာက မှန်ပါသည်။ သို့သော် မလိုအပ်ဘဲ အင်္ဂလိပ်စာတွေညှပ်ရေးတာကို တွေ့ရသောအခါ အင်မတန်မျက်စိနောက် မိပါ၏။

အချို့သော အင်္ဂလိပ်စကားလုံးများကို တတ်နိုင်သမျှ မြန်မာလိုပြန်စေချင်ပါသည်။ လွယ်လွယ်ပြီးရော အင်္ဂလိပ်စကားလုံးအတိုင်း မလွှတ်လိုက်စေလိုပါ။ စာရေးဆရာဘာသာပြန်သူသည် အင်္ဂလိပ်စာကောင်းသလို မြန်မာစာကောင်းဖို့လည်း လိုပါသည်။ ဘာသာပြန်ဆောင်းပါးပေမယ့် ဘာသာပြန်မှုန်း မသိရလေ ပိုကောင်းလေပင်။

ယနေ့စာပေကို အင်္ဂလိပ်စာတတ်၊ ခေတ်ပညာတတ်တွေချည်း ဖတ်ရန်မဟုတ်၊ ကျေးလက်ပြည်သူတွေလည်း ဖတ်ဖို့လိုသည်။ နယ်များမှာ စာကြည့်တိုက်တွေဖွင့်ထားပြီး သူတို့နားမလည်သော စာပေတွေ သူတို့ထံ ရောက်သွားခဲ့လျှင် အကျိုးမရှိနိုင်ပါ။

ယခုအခါ လူငယ်စာရေးဆရာအချို့က စတိုင်လ်တွေထုတ်ပြီး စာရေးနေကြပုံရသည်။ အင်္ဂလိပ်စာလုံး ညှပ်ရေးမှ ဂုဏ်ရှိသည်ထင်လေသလားမသိ။ မကြာခဏဝတ္ထု၊ ဆောင်းပါးတွေထဲမှာ မလိုအပ်ဘဲ အင်္ဂလိပ်စာလုံးညှပ်ရေးနေကြသည်ကို တွေ့ရသည်။

နေဝင်ချိန်ကိုကြည့်ချင်လို့ တောင်ပေါ်ကနေစောင့်နေကြတာပါဟု ရေးရာတွင် "Sunset" ကိုကြည့်ချင်လို့ စောင့်နေကြတာပါဟု ရေးသားပုံမှာ အမြင်မတော်လှပါ။ နေဝင်ချိန်ကို မြန်မာလိုရေးလို့ရပါလျက် အင်္ဂလိပ်စာလုံး ညှပ်ထည့်တာ အရုပ်ဆိုးလှပါ၏။

ကင်မရာသည် မြန်မာဝေါဟာရသဖွယ် ဖြစ်နေပါပြီ။ ကင်မရာ၊ စပီကာ၊ ကွန်ပျူတာ၊ မော်တော်ကား စသောအခေါ်အဝေါ်ကို နားလည်နေကြပြီ။

သို့သော် ကင်မရာကို အင်္ဂလိပ်စာလုံးပေါင်းနှင့် ရေးတာတွေ့ရတော့ ဘဝင်မကျစရာ ဖြစ်ရပါ၏။ စာတစ်ပုဒ်မှာလည်း "သူက သိပ်ပြီး attract ဖြစ်တာ။ Speaking က သိပ်ကောင်းတာပဲ" ဟူ၍ ရေးသားထားသည်ကို ဖတ်လိုက်ရပါသည်။ မြန်မာစာကို မြန်မာလိုရေးစေချင်ပါသည်။

အင်္ဂလိပ်စာနှင့် ရေးမည်ဆိုလျှင် တစ်ပုဒ်လုံး အင်္ဂလိပ်လို ရေးပြနိုင်ပါသည်။ မလိုအပ်ဘဲ မြန်မာစာကြားမှာ အင်္ဂလိပ်စာလုံးတွေ ညှပ်သုံးခြင်းမှာ မြန်မာစာကို ဖျက်လိုဖျက်ဆီးပြုရာ ကျနေပါ၏။ လူငယ်တွေ၊ ကျောင်းသားတွေ အတုမြင် အတတ်သင်သွားမှာ စိုးရိမ်စရာဖြစ်ရပါ၏။ အယ်ဒီတာတွေ၊ စာရေးသူတွေ သတိပြုကြစေလိုပါကြောင်း။ ။

# အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကို ဂုဏ်ပြုသည့်အခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် သမဝါယမဦးစီးဌာန၌ အပြည်ပြည်ဆိုင်ရာ သမဝါယမနှစ်ကို ဂုဏ်ပြုသည့်အခမ်းအနားကို ဇွန် ၁၁ ရက် နံနက် ၁၁ နာရီတွင် ကျင်းပရာ မြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှမြင့်၊ ဦးစီးမှူး ဒေါ်အေးအေးစမ်း၊ မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးခင်အေးနှင့် အသင်းကိုယ်စားလှယ်တစ်ဦးတို့က အပြည်ပြည်ဆိုင်ရာသမဝါယမနှစ်ဆိုင်ရာ သိကောင်းစရာများကို ဟောပြောခဲ့ကြကြောင်းနှင့် တက်ရောက်လာသောဌာနဆိုင်ရာ ဝန်ထမ်းများ၊ အသင်းသားများနှင့်အတူ အပြည်ပြည်ဆိုင်ရာသမဝါယမနှစ်ကို ဂုဏ်ပြုသောအားဖြင့် အရိပ်ရသစ်ပင်များ စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (၆၀၀)

# တောင်တွင်းကြီးမော်ကွန်းစာအုပ် ထုတ်ဝေမည်

**တောင်တွင်းကြီး ဇွန် ၁၂**

တောင်တွင်းကြီးမြို့နယ်အသင်း(ရန်ကုန်)က ကြီးမှူး၍ တောင်တွင်းကြီးမော်ကွန်းစာအုပ်ကို မကြာမီထုတ်ဝေမည်ဖြစ်ရာ စာမူများ၊ ဓာတ်ပုံများနှင့် ပန်းချီကားများကို စာမျက်နှာ တစ်မျက်နှာမှ အများဆုံး ငါးမျက်နှာအထိ ရေးသားပေးပို့ကြပါရန်နှင့် ရွေးချယ်ခံရသော စာမူရှင်များကို စာမူခနှင့် မော်ကွန်းစာအုပ်တစ်အုပ်စီ ချီးမြှင့်မည်ဖြစ်ကြောင်း၊ မော်ကွန်းစာအုပ်ဖြစ်မြောက်ရေး မတည်ရန်ပုံငွေအဖြစ် ငွေကျပ်ငါးထောင်နှင့်အထက် အလှူရှင်များကို မော်ကွန်းစာအုပ်တွင် မှတ်တမ်းတင်ဖော်ပြ၍ မော်ကွန်းစာအုပ်တစ်အုပ်စီ လက်ဆောင်ပေးမည်ဖြစ်ကြောင်း၊ မော်ကွန်းစာအုပ်တွင် အတွင်းတစ်မျက်နှာ ကျပ်တစ်သောင်း၊ မျက်နှာဝက် ကျပ်ငါးထောင်နှင့် ညှပ်ဖောင်တစ်ရွက် ကျပ်ငါးဆယ်နှုန်းဖြင့် ကြော်ငြာထည့်နိုင်ကြောင်း၊ ကြော်ငြာထည့်လိုသူများ၊ စာမူပေးပို့လိုသူများနှင့် အလှူငွေ လှူဒါန်းလိုသူများသည် ဩဂုတ် ၃၁ ရက်နောက်ဆုံးထား၍ အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း) ဖုန်း-၀၁-၉၆၉၉၆၀၂၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုး(မောင်ကျေးဇူး) ဖုန်း-၀၁-၅၃၉၇၃၈၊ ၀၁-၆၅၁၉၄၃၊ အတွင်းရေးမှူး ဒေါက်တာဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) ဖုန်း-၀၁-၆၄၇၁၆၃နှင့် ဘဏ္ဍာရေးမှူး ဒေါ်မိမိခိုင် ဖုန်း-၀၉-၇၃၁၄၀၉၅၉ တို့သို့ ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၂ - ၆ -၂၀၁၂

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| မြန်မာ (ကျပ်) | ၈၄၁. ၀၀၀ | ၀. ၀၀၁၁၉ |
| ထိုင်း (ဘတ်) | ၃၁. ၆၂၃၁ | ၀. ၀၃၁၆၂ |
| တရုတ် (ယွမ်) | ၆. ၃၇၁၅၅ | ၀. ၁၅၆၉၅ |
| အိန္ဒိယ(ရူပီး) | ၅၅. ၈၀၅၃ | ၀. ၀၁၇၉၂ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၈၇၀၀ | ၀. ၃၁၃၇၈ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၂၆၇ | ၀. ၇၇၉၆၃ |
| ဂျပန် (ယန်း) | ၇၉. ၅၈၁၉ | ၀. ၀၁၂၅၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၆၉. ၅၈ | ၀. ၀၀၀၈၆ |
| ယူရို | ၀. ၇၉၉၅၀ | ၁. ၂၅၀၇၈ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၂၉၀ | ၁. ၅၅၅၄၆ |

**အင်တာနက်။**

# ညနေပိုင်းထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်းနှင့်ဟင်းချက်ပြုတ်ခြင်း မပြုရန်။

(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။

(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင် ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

**မီးသတ်ဦးစီးဌာန**

◆ရှေ့ဖုံးမှ
တိုင်းရင်းသားလူမျိုးစု လက်နက်ကိုင်အဖွဲ့များသည် လွန်ခဲ့သော နှစ်ပေါင်း(၆၀)ကျော်ကပင် ယုံမှားသံသယဖြစ်မှုများအပေါ် အခြေခံ၍ တိုက်ခိုက်နေခဲ့ခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးတည်ဆောက်ရေး လုပ်ငန်းများအား ယခင်အစိုးရအဆက်ဆက်ကပင် ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုရရှိသည်များရှိသကဲ့သို့ မအောင်မြင်မှုများလည်း ရှိခဲ့ကြောင်း။

မိမိတို့အစိုးရလက်ထက်တွင် နိုင်ငံတစ်ဝန်းလုံး ထာဝရငြိမ်းချမ်းရေးရရှိစေရန် အစိုးရအဖွဲ့ စတင်တာဝန်ယူချိန်မှစ၍ အဆိုပါလက်နက်ကိုင်အဖွဲ့များအား တစ်ဖွဲ့ချင်း ထိတွေ့ဆက်သွယ်ဆောင်ရွက်ခဲ့ရာ ယခုအခါ လက်နက်ကိုင်အဖွဲ့အစည်း (၁၁)ဖွဲ့အနက် (၁၀)ဖွဲ့နှင့် ထိတွေ့ဆက်ဆံ နားလည်မှုများရရှိနေပြီဖြစ်ကြောင်း၊ ထိုဒေသများရှိ ပြည်သူများအနေဖြင့်လည်း အေးချမ်းတည်ငြိမ်မှုအသီးအပွင့်များ စတင်ခံစားနေရပြီဖြစ်ကြောင်း။

ကချင်ပြည်နယ်အတွင်းရှိ ကေအိုင်အေလက်နက်ကိုင်အဖွဲ့အစည်းနှင့်လည်း ထိတွေ့ဆက်သွယ်မှုများ ဆောင်ရွက်နေပြီဖြစ်ရာ မကြာမီ အခြေအနေကောင်းများ မြင်တွေ့ရမည်ဟု ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းရေးရရှိပြီးဒေသများရှိ ပြည်သူများ၏ စားဝတ်နေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ပြန်လည်ထူထောင်ရေးစသည့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများစွာရှိသေးကြောင်း၊ ထိုလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်း၏အကူအညီများ အမှန်တကယ် လိုအပ်ပါကြောင်း၊ ဤသို့ဆောင်ရွက်နိုင်ရန် အဓိကလိုအပ်ချက်ဖြစ်လာမည့် ငွေကြေး၊ နည်းပညာနှင့် အတွေ့အကြုံကောင်းများကို မျှဝေပေးစေလိုပါကြောင်း။

ယခုလို Peace Donor Support Group (PDSG) မှ မိမိတို့၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များအတွက် ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လာရောက်ခြင်းအတွက် များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးဗဟိုဌာန (Myanmar Peace Center) ဖွဲ့စည်းထူထောင်ပြီးဖြစ်၍ PDSG အဖွဲ့နှင့် ပူးပေါင်းကာ မဟာဗျူဟာလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ မိမိတို့၏ ရည်မှန်းချက်သည် ထာဝရငြိမ်းချမ်းရေးရရှိရေးနှင့် ဥပဒေတစ်ခုတည်းအောက်တွင် တန်းတူညီမျှနေထိုင်ကြရေးပင် ဖြစ်ကြောင်း။

ဥရောပသမဂ္ဂအနေဖြင့် စီးပွားရေးပိတ်ဆို့မှုများအား နော်ဝေနိုင်ငံ၊ ဩစတြေးလျနိုင်ငံတို့ကဲ့သို့ အပြည့်အဝဖြေလျှော့ပေးစေလိုပါကြောင်း၊ မကြာမီ အပြီးတိုင်ရုပ်သိမ်းနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

မိမိတို့နိုင်ငံ၌ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရချိန်တွင် ဩစတြေးလျနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့သည် စိတ်ရောကိုယ်ပါ ကူညီခဲ့သည့်နိုင်ငံများဖြစ်၍ များစွာ ကျေးဇူးတင်ကြောင်း၊ ယခုလတ်တလောဖြစ်ပွားနေသည့် ရခိုင်ပြည်နယ်အတွင်း ဖြစ်စဉ်များသည် ရှုပ်ထွေးနက်နဲသော နောက်ခံအကြောင်းအရာများကိုအခြေခံပြီး ဖြစ်ပွားနေခြင်း ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် အတတ်နိုင်ဆုံး ပျက်စီးဆုံးရှုံးမှုနည်းပါးအောင် စနစ်တကျ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အိုးအိမ်ပစ္စည်းဆုံးရှုံးခဲ့ရသည့် ပြည်သူများအတွက် အစိုးရအနေဖြင့် လောလောဆယ်ထောက်ပံ့ပေးနိုင်သည့် အနေအထားတွင်ရှိနေပါကြောင်း၊ သံအမတ်ကြီးများ၏ စိုးရိမ်မှုများကိုလည်း နားလည်ပါကြောင်း ပြောကြားသည်။

ထို့နောက် နော်ဝေနိုင်ငံသံအမတ်ကြီးက PDSG အဖွဲ့၌ နော်ဝေနိုင်ငံသည် မြန်မာနိုင်ငံအတွက် အလှူရှင်နိုင်ငံများနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးရန် တာဝန်ယူထားပါကြောင်း၊ သမ္မတကြီး၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများအပေါ် အပြည့်အဝထောက်ခံပါကြောင်းနှင့် လုပ်ငန်းစဉ်များ အပြည့်အဝအောင်မြင်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက် ကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ သမ္မတကြီး အထူးအလေးထားဆောင်ရွက်လိုသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် ကနဦးစီမံချက်များရေးဆွဲ၍ ဦးစွာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။



ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Peace Donor Support Group (PDSG) မှ ပုဂ္ဂိုလ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်နှင့် ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားက သမ္မတကြီးအား လာမည့်ကုလသမဂ္ဂအထွေထွေညီလာခံသို့တက်ရောက်ပါရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မျှော်လင့်နေပါကြောင်း၊ ကုလသမဂ္ဂအနေဖြင့် ငြိမ်းချမ်းရေးရန်ပုံငွေမှ ကနဦး အမေရိကန် ဒေါ်လာ ငါးသန်း ထည့်ဝင်သွားမည်ဖြစ်ပြီး လုပ်ငန်းများ လက်တွေ့စတင်အကောင်အထည်ဖော်ချိန်တွင် ထပ်မံထည့်ဝင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဩစတြေးလျနိုင်ငံ သံအမတ်ကြီးက မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများအပေါ် ခိုင်မာစွာထောက်ခံသွားမည်ဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးလာရောက်၍ ကျန်းမာရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အမေရိကန်ဒေါ်လာ ငါးသန်းထည့်ဝင်ပြီးဖြစ်ကြောင်း၊ မြေမြှုပ်မိုင်း ရှင်းလင်းရေးအတွက် ကျွမ်းကျင်သူ ပညာရှင်များကိုလည်း စေလွှတ်ကူညီသွားမည်ဖြစ်ကြောင်း၊ ဩစတြေးလျနိုင်ငံအနေဖြင့် PDSG နှင့် မြန်မာနိုင်ငံငြိမ်းချမ်းရေးဗဟိုဌာန (MPC) တို့နှင့်ပူးပေါင်း၍ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ဂင်းနောက် ဗြိတိန်နိုင်ငံသံအမတ်ကြီးက ဗြိတိန်နိုင်ငံဝန်ကြီးချုပ်မှ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအပေါ် အသိအမှတ်ပြုပါကြောင်းနှင့် အဆိုပါလုပ်ငန်းစဉ်များကို မိတ်ဖက်ဆောင်ရွက်မှုများအပေါ် အခြေခံ၍ ဆောင်ရွက်နေခြင်းအတွက် အပြည့်အဝထောက်ခံသွားမည်ဖြစ်ကြောင်း၊ ယခုနှစ် နှစ်ကုန်ပိုင်းတွင် သမ္မတကြီးအား ဗြိတိန်နိုင်ငံသို့ လာရောက်လည်ပတ်ပါရန် ဖိတ်ကြားပါကြောင်းကို အမှာပါးလိုက်ပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယခုကဲ့သို့ အလေးထားဆောင်ရွက်နေခြင်းကြောင့် အမေရိကန်ဒေါ်လာငါးသန်းကို လတ်တလောလိုအပ်သည့်နေရာများတွင် အသုံးပြုနိုင်ရေးနှင့် လာမည့် သုံးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်း ၃၀၀ ပေးအပ်ကူညီသွားမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဥရောပသမဂ္ဂအဖွဲ့ ဌာနေကိုယ်စားလှယ်က ၂၀၁၂-၂၀၁၃ ခုနှစ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် ယူရိုငွေသန်း ၁၅၀ ထောက်ပံ့ပေးမည်ဖြစ်သည်ကို ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ မြေမြှုပ်မိုင်းရှင်းလင်းရေး လုပ်ငန်းစဉ်များအတွက် နည်းပညာများနှင့် ကနဦးအကူအညီယူရိုငွေ သုံးသန်း၊ လေးသန်းသုံးစွဲရန် လျာထားပါကြောင်း၊ ကဏ္ဍစုံဘက်စုံအကူအညီပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ကမ္ဘာ့ဘဏ်ဌာနေကိုယ်စားလှယ်က မြန်မာနိုင်ငံနှင့် ပြန်လည်ထိတွေ့ဆက်ဆံရာတွင် အကူအညီများပေးအပ်နိုင်ရေးအတွက် မဟာဗျူဟာ ချမှတ်ရေးဆွဲလျက်ရှိပါကြောင်း၊ ကြွေးမြီပေးဆပ်ရေးအပါအဝင် အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ လူမှုဘဝမြှင့်တင်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် ငွေကြေးအကူအညီနှင့် နည်းပညာပိုင်းဆိုင်ရာ အကူအညီများပေးအပ်နိုင်ရန် မြန်မာနိုင်ငံမှ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း၊ ကြွေးမြီပေးဆပ်ရေး ဆွေးနွေးညှိနှိုင်းပြီးပါက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတိုးနှုန်းသက်သာသည့် ချေးငွေ အမေရိကန်ဒေါ်လာသန်း ၃၀၀ ကို နှစ်စဉ်ချေးယူနိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

Peace Donor Support Group (PDSG)တွင် ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂနှင့် ကမ္ဘာ့ဘဏ်တို့ကဲ့သို့ အဖွဲ့အစည်းများပါဝင်ပြီး မြန်မာနိုင်ငံ၏ လက်ရှိငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းစဉ်များအတွက် အကူအညီများပေးအပ်ရန် ဖွဲ့စည်းမှုတစ်ခု ဖြစ်သည်။ ဤကဲ့သို့ အဖွဲ့အစည်းမျိုးစုံပါဝင်သော ငြိမ်းချမ်းရေးတည်ဆောက်မှု အကူအညီပေးရေးအစီအစဉ်များကို ယခင်ကဖွဲ့စည်းခြင်းမရှိခဲ့ဖူးသော်လည်း လက်ရှိမြန်မာနိုင်ငံတွင်ဖြစ်ထွန်းနေသော နိုင်ငံရေးတိုးတက်မှုများနှင့် ငြိမ်းချမ်းရေး တည်ဆောက်မှု ဖော်ဆောင်ရေးလုပ်ငန်းစဉ်များကိုအခြေခံ၍ ထိရောက်သော နိုင်ငံတကာအကူအညီပေးရေး စီမံချက်တစ်ရပ်အနေဖြင့် စုစည်းအကောင်အထည်ဖော်ခြင်းဖြစ်သည်။ အဆိုပါ စုစည်းမှုမှတစ်ဆင့် မြန်မာနိုင်ငံအစိုးရအနေဖြင့်လည်း နိုင်ငံတကာမှပေးအပ်လာသည့် အကူအညီများကို စနစ်တကျအသုံးပြု၍ အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် လုပ်ငန်းစဉ်များအကောင်အထည်ဖော်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီဖြစ်စေရန်နှင့် လေလွင့်ပြုန်းတီးမှုမရှိရန် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထို PDSG အဖွဲ့အနေဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များ ဖော်ဆောင်နိုင်ရန် နော်ဝေနိုင်ငံအနေဖြင့် ကနဦးစတင်သူအဖြစ် ဦးဆောင်ကြိုးပမ်းနေကြောင်းလည်း သိရှိရသည်။

ယနေ့တွေ့ဆုံပွဲတွင် PDSG တွင်ပါဝင်သော ကမ္ဘာ့နိုင်ငံအသီးသီးနှင့် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဦးဆောင်သော ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများကို အပြည့်အဝထောက်ခံကြောင်း ထုတ်ဖော်ပြဆိုသည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ ဤ PDSG အဖွဲ့ကိုအခြေခံ၍ အနာဂတ်ကာလတွင်လည်း မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ကူညီထောက်ပံ့လိုသော နိုင်ငံများကိုလည်း တိုးချဲ့လက်ခံပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်၍ PDSG အဖွဲ့အနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ကူညီပေးနိုင်မည့်အစီအစဉ်များတွင် နည်းပညာဆိုင်ရာအကူအညီများ၊ အကြံဉာဏ်ပေးခြင်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် အပြန်အလှန်ဆွေးနွေးခြင်းများကိုလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ယနေ့ရရှိသော သဘောတူညီချက်များ၏ အစိတ်အပိုင်းတစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဗဟိုဌာနကိုလည်း ဖွဲ့စည်းထူထောင်ပြီး ငြိမ်းချမ်းရေး တည်ဆောက်ခြင်းလုပ်ငန်းများကို မဟာဗျူဟာမြောက် အထောက်အကူပြုနိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ချိတ်ဆက်လုပ်ဆောင်ရန် စီမံထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

# ဒုတိယဝန်ကြီး ဒေါက်တာကံဇော် မန္တလေးတိုင်းဒေသကြီး၌ စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော် မန္တလေးတိုင်းဒေသကြီး / ခရိုင် / မြို့နယ် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံဆွေးနွေးစဉ်။**

(သတင်းစဉ်)

နေပြည်တော် ဇွန် ၁၂

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်သည် ဇွန် ၉ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်နှင့် ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့၌ ခရိုင်/မြို့နယ် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း၊ ဇွန် ၁၀ ရက်တွင် တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၌ တိုင်းဒေသကြီး / ခရိုင်/မြို့နယ် စီမံကိန်းများရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီဝင်များ၊ လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ စီမံကိန်းဦးစီးရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးသည်။**

တွေ့ဆုံပွဲများတွင် ဒုတိယဝန်ကြီးက ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်၏ စီမံကိန်းအပေါ် စီးပွားရေးကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်ခဲ့မှုကို ပြန်လည်သုံးသပ်ရန်နှင့် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် စီမံကိန်းလျာထားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းများနှင့် စပ်လျဉ်း၍ ပြည့်ပြည့်ဝဝ အကောင်အထည်ဖော်ရေး စီစဉ်ဆောင်ရွက်နိုင်ရန်၊ ပဥ္စမကာလတိုငါးနှစ်စီမံကိန်း၏ ကျန်ရှိနေသေးသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်များအတွက် ဒေသအလိုက် လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် အစီအမံများ ထည့်သွင်း ရေးဆွဲရန်ဖြစ်ကြောင်း၊ စီးပွားရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်



ရာတွင် လက်ငင်း ရေတို/ရေရှည် အကျိုးရှိသော စီမံကိန်းများကိုလည်း ထည့်သွင်း စီမံ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မြို့နယ်/ ခရိုင်ရှိ ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့်ညှိနှိုင်းပြီး စာရင်းဇယားကိန်းဂဏန်းများကို မြေပြင်ပေါ်တွင်ရှိသော အနေအထားနှင့် အနီးစပ်ဆုံးတိကျမှန်ကန်စွာ ကောက်ယူပေးနိုင်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ် အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို အကဲဖြတ် သုံးသပ်တင်ပြနိုင်ရေးနှင့် ပေါင်းစည်းစာရင်းစစ်တမ်း ကောက်ယူနိုင်ရေးကိစ္စများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဥတုရာသီ
တောက်ပမှ်ု၏

# မြန်မာနိုင်ငံသည် ခေတ်သစ်အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်၍ အမြင်သစ်ဖြင့် ရှုမြင်ထောက်ခံအားပေးရန်လိုအပ်

# အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့မှ အရေးယူပိတ်ဆို့မှုများကို ရုပ်သိမ်းရန် အချိန်ကျရောက်

နေပြည်တော် ဇွန် ၁၂

**၂၀၁၂ ခုနှစ် မေ ၃၀ ရက်မှ ဇွန် ၁၅ ရက်အထိ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပလျက်ရှိသည့် (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံသို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်သည် ပြည်ထောင်စုရွေးနေချုပ် ဒေါက်တာထွန်းရှင်နှင့်အတူ ဂျီနီဗာမြို့သို့ ဇွန် ၅ ရက် နံနက်ပိုင်းတွင် ရောက်ရှိခဲ့သည်။**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင် ဂျီနီဗာမြို့ ကုလသမဂ္ဂရုံး၌ ကျင်းပသည့် (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် တောင်ပိုင်းဆူဒန်သမ္မတနိုင်ငံသည် ILO ၏ (၁၈၄) ကြိမ်မြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်လာခြင်းကို ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံအလုပ်သမားထု အကျိုးစီးပွားအတွက် ကြိုးပမ်းအောင်မြင်မှုများနှင့် မြန်မာနိုင်ငံနှင့်ILOတို့အကြား ပူးပေါင်းဆောင်ရွက်မှုများကို အကျဉ်းချုပ်ပြောကြားလိုကြောင်း၊ ဥပဒေအပိုင်း၌ တိုတောင်းသည့်အချိန်ကာလတွင် သိသာထင်ရှားသည့် တိုးတက်မှုများရရှိခဲ့ကြောင်း၊ ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေတွင် အဓမ္မခိုင်းစေမှုပပျောက်ရေးအတွက် ပြဋ္ဌာန်းထားပြီးဖြစ်ရာ ခိုင်မာသည့်ဥပဒေတစ်ရပ်ဖြစ်ပါကြောင်း။

အလုပ်သမားအဖွဲ့အစည်း ဥပဒေပေါ်ပေါက်လာခဲ့ခြင်းဖြင့် မိမိတို့အလုပ်သမားထုနှင့် အလုပ်ရှင်များသည် နိုင်ငံတစ်ဝန်းတွင် အလုပ်သမားအဖွဲ့အစည်းများနှင့် အလုပ်ရှင်အဖွဲ့အစည်းများ လွတ်လပ်စွာ ဖွဲ့စည်းထူထောင်ပေါ်ပေါက်ခဲ့ပြီဖြစ်ပါကြောင်း၊ ထို့ပြင် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေအတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ ယင်းဥပဒေသည် အစိုးရ၊ အလုပ်ရှင်နှင့် အလုပ်သမားတို့ပါဝင်သည့် သုံးပွင့်ဆိုင်စနစ်ဖြင့် တွေ့ဆုံဆွေးနွေး၍ အလုပ်သမားရေးရာ အငြင်းပွားမှုကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းပေးသွားမည်မှာ သံသယဖြစ်ဖွယ်မရှိကြောင်း၊ ထို့ပြင် အလုပ်သမားများအတွက် ပင်စင်ခံစားခွင့်နှင့် လူမှုဖူလုံရေး အိမ်ရာစီမံကိန်းအပါအဝင် အလုပ်သမားထု၏ လူမှုဖူလုံရေးကိစ္စရပ်များကို ထိရောက်စွာကာကွယ်နိုင်ရန် လူမှုဖူလုံရေးဥပဒေသစ်ကိုလည်း လွှတ်တော်သို့တင်သွင်းထားပါကြောင်း။

အဓမ္မခိုင်းစေမှု လုံးဝပပျောက်ရေးမှာ နိုင်ငံတော်အစိုးရ၏ ဦးစားပေးလုပ်ငန်းတစ်ခုပင်ဖြစ်ကြောင်း၊ ယင်းအတွက် ပြီးပြည့်စုံသည့်လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲပြီးဖြစ်ကြောင်း၊ ၂၀၁၅ ခုနှစ်မတိုင်မီ ရည်မှန်းချက်သို့ရောက်ရှိမည်ဟု ယုံကြည်ကြောင်း၊ ၁၉၉၈ ခုနှစ် စုံစမ်းရေးကော်မရှင်မှ ကွန်ဗင်းရှင်း(၂၉)ကို မြန်မာနိုင်ငံမှ လိုက်နာအကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ အကြံပြုတိုက်တွန်းချက်များချမှတ်ခဲ့ကြောင်း၊ မြန်မာနိုင်ငံမှ ယင်းအကြံပြုတိုက်တွန်းချက်များကို အပြည့်အဝလိုက်နာအကောင်အထည်ဖော်ပြီးဖြစ်ပါကြောင်း၊ အဓမ္မခိုင်းစေမှုမပြုရေးအတွက် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့တွင် နိုင်ငံတော်က ချမှတ်ဆောင်ရွက်နေမှုများကို အသိအမှတ်ပြုတုံ့ပြန်ပေးရန်လိုအပ်ကြောင်း။

မြန်မာနိုင်ငံ ပြည်သူလူထု၏ အကျိုးစီးပွားအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြောင်းလဲမှုအရှိန်အဟုန်မှာ တိုးတက်အောင်မြင်နေပြီဖြစ်ကြောင်း၊ စစ်မှန်ပြီးပြောင်းလဲ၍ မရကြောင်း၊ မြန်မာနိုင်ငံသည် ခေတ်သစ်အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအား အမြင်သစ်ဖြင့်ရှုမြင်၍ ထောက်ခံအားပေးရန်လိုအပ်ပါကြောင်း၊ (၈၇)ကြိမ်မြောက်နှင့် (၈၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံမှချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို ရုပ်သိမ်းပေးရန် တောင်းဆိုကြောင်း၊ ဆုံးဖြတ်ချက်များ ရုပ်သိမ်းပေးခြင်းသည် မြန်မာပြည်သူလူထုအတွက် အဖြစ်သင့်ဆုံးကိစ္စပင်ဖြစ်ကြောင်း၊ ရုပ်သိမ်းခြင်းမပြုပါက ပြည်သူလူထု၏ အနာဂတ်မျှော်မှန်းချက်ကို ထိခိုက်စေလိမ့်မည် ဖြစ်ကြောင်း။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း မြန်မာနိုင်ငံသို့လာရောက်စဉ် ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားသွားရာတွင်လည်း မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ ရုပ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း၊ ဖြေလျှော့ခြင်း စသည်တို့ထက် ပို၍ပင်လုပ်ဆောင်ပေးသင့်သည် ဆိုသည့်အချက် ပါဝင်ကြောင်း၊ ယင်းအချက်မှာ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်အတွက် အသိအမှတ်ပြုခြင်းနှင့် တိုက်တွန်းအားပေးခြင်းပင်ဖြစ်ကြောင်း၊ မိမိတို့သည် တစ်စုံတစ်ရာအတွက်ထိုက်သင့်သည့် တန်ဖိုးပေးခဲ့ပြီးဖြစ်ပါက မိမိတို့ပေးဆပ်ခဲ့သည့်တန်ဖိုးအလိုက် တန်ရာတန်ကြေးကို ပြန်လည်လက်ခံရရှိရန် အခွင့်အရေးရှိကြောင်း၊ မြန်မာနိုင်ငံသည် ဆောင်ရွက်ရန်လိုအပ်သည်များကို အပြည့်အဝအကောင်အထည်ဖော်ခဲ့ပြီးဖြစ်၍ ထိုက်တန်သည့် အကျိုးကျေးဇူးတုံ့ပြန်သည့် အနေဖြင့် ယခုညီလာခံမှ ၁၉၉၉/၂၀၀၀ ဆုံးဖြတ်ချက်များ အားလုံးကို တစ်ပေါင်းတည်း ရုပ်သိမ်းပေးရန် မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါခဲ့ကြသော အလုပ်ရှင်ကိုယ်စားလှယ် ဒေါ်ခိုင်ခိုင်နွယ်သည် ဇွန် ၇ ရက် နံနက်ပိုင်းတွင်လည်းကောင်း၊ အလုပ်သမားကိုယ်စားလှယ် ဦးသန့်ဇင်ဦးသည် ဇွန် ၈ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာညီလာခံ၌ ကန့်သတ်မှုများ ရုပ်သိမ်းပေးရန် ပြောကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရွေးနေချုပ် ဒေါက်တာထွန်းရှင်တို့သည် ဇွန် ၈ ရက် နံနက် ၈ နာရီတွင် Inter Continental Hotel ၌ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တည်ခင်းဧည့်ခံသော အလုပ်သဘောနံနက်စာစားပွဲသို့ အာဆီယံနိုင်ငံများမှ အလုပ်သမားဝန်ကြီးများနှင့်အတူတက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံအလုပ်သမားရေးရာ တိုးတက်ဖြစ်ထွန်းမှု အခြေအနေနှင့် အလားအလာများအား ဆွေးနွေးခဲ့ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံဘက်မှရပ်တည်ပြီး အာဆီယံပူးတွဲ ကြေညာချက်တစ်ရပ်ကို (Standard Committee) စံချိန်စံညွှန်းကော်မတီအစည်းအဝေးတွင် ထုတ်ပြန်ကြေညာခဲ့ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း။

မြန်မာနိုင်ငံအပေါ် ILO က ချမှတ်ထားသည့် တားမြစ်ကန့်သတ်ချက်များ ပါဝင်သောဆုံးဖြတ်ချက်များ ရုပ်သိမ်းရေးအတွက် ILO အုပ်ချုပ်မှုအဖွဲ့၏ ဆုံးဖြတ်ချက်ရေးဆွဲပြုစုရေးကော်မတီ(Selection Committee) အစည်းအဝေးတွင်လည်း အခြားနိုင်ငံအများအပြားမှ အစိုးရကိုယ်စားလှယ်များ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမားအဖွဲ့အစည်းများနှင့်အတူ မြန်မာနိုင်ငံဘက်မှ ရပ်တည်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း။

ညီလာခံမျက်နှာစုံညီ အစည်းအဝေးတွင် အာဆီယံဝန်ကြီးများအနေဖြင့် မြန်မာနိုင်ငံဘက်မှ တစ်သမတ်တည်းစွဲမြဲညီညွတ်စွာရပ်တည်၍ ထောက်ခံပြောကြားပေးသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း။

အကယ်၍ မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် ကန့်သတ်ထားချက်များကို ရုပ်သိမ်းရေးအတွက် မဲခွဲရန်အခြေအနေရှိပါကလည်း အခြားသောအစိုးရအဖွဲ့များ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ အလုပ်သမား အဖွဲ့အစည်းများနှင့်အတူ အာဆီယံနိုင်ငံများအနေနှင့် တညီတညွတ်တည်း ရပ်တည်ထောက်ခံပေးစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ဇွန် ၁၁ ရက် နံနက်ပိုင်းတွင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ ညွှန်ကြားရေးမှူးချုပ်နှင့် ကျင်းပသည့် အစည်းအဝေးသို့ အာရှ-ပစိဖိတ်အုပ်စု (Asia-Pacific Group-ASPAG)မှ ဝန်ကြီးများနှင့်အတူ တက်ရောက်ခဲ့သည်။ ထို့နောက် ဇွန် ၁၁ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဩစတြေးလျနိုင်ငံ အလုပ်အကိုင်နှင့် လုပ်ငန်းခွင်ဆက်ဆံရေးဝန်ကြီး Mr. Bill Shorten နှင့်တွေ့ဆုံပြီး မြန်မာနိုင်ငံလုပ်သားထု၏ ကျွမ်းကျင်မှုမြှင့်တင်ရေးအတွက် အကူအညီပေးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၂ ရက် ညနေ ၃ နာရီတွင် ကျင်းပခဲ့သည့် အာရှပစိဖိတ် အလုပ်သမားဝန်ကြီးများ အစည်းအဝေး (Asia-Pacific Group - ASPAG) တွင် မိန့်ခွန်းပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မိန့်ခွန်းပြောကြားရာတွင် လူငယ်အလုပ်အကိုင်အခွင့်အလမ်းအတွက် နိုင်ငံတော်အစိုးရသည် အထူးအလေးပေးဆောင်ရွက်နေကြောင်း၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးတည်ငြိမ်ဖွံ့ဖြိုးမှုသည် အရေးကြီးဆုံးလိုအပ်ချက်တစ်ရပ်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် အလုပ်သမားအငြင်းပွားမှု ဖြေရှင်းရေးဥပဒေတို့ကို နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ရေးဆွဲပြဋ္ဌာန်းပြီးဖြစ်ကြောင်း၊ လုပ်ထုံးလုပ်နည်းများလည်းထုတ်ပြန်ပြီးဖြစ်၍ ယခုအခါ အလုပ်သမားအဖွဲ့အစည်း(၄၀)ခန့် ပေါ်ပေါက်လာပြီဖြစ်ကြောင်း၊ မကြာမီ အလုပ်သမားအဖွဲ့ချုပ်များ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့များလည်း ဖွဲ့စည်းနိုင်မည်ဟု ယုံကြည်ကြောင်း၊ နိုင်ငံရေးအခြေခံအဆောက်အအုံပိုင်းမှာလည်း အရေအတွက်အရလည်းကောင်း၊ အရည်အချင်းအရလည်းကောင်း တိုးတက်လာစေရန် ပြုပြင်ပြောင်းလဲမှု အများအပြားဆောင်ရွက်လျက်ရှိကြောင်း၊ ဘဏ္ဍာရေးဝန်ဆောင်မှုများကိုလည်း ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံတကာကူးသန်းရောင်းဝယ်မှု ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ထားကြောင်း၊ အသေးစားနှင့်အလတ်စားလုပ်ငန်းများ၊ သမဝါယမများနှင့် စွန့်ဦးတီထွင်သူများ တိုးပွားလာစေရေးအတွက် အားပေးမှုများပြုလုပ်ထားကြောင်း၊ ပိုမိုကောင်းမွန်သော ပတ်ဝန်းကျင်အခြေအနေများ ဖန်တီးပေးလျက်ရှိကြောင်း၊ ထို့ပြင် ထုတ်လုပ်နိုင်စွမ်းနှင့် ယှဉ်ပြိုင်နိုင်စွမ်းတိုးမြှင့်စေမည့် မူဝါဒများချမှတ်ပေးလျက်ရှိကြောင်း၊ မြန်မာနိုင်ငံလုပ်သားထုအင်အား၏ (၈)ရာခိုင်နှုန်းခန့်သည် ရွှေ့ပြောင်းအလုပ်သမားများဖြစ်ကြောင်း၊ ၎င်းတို့အနက် အများစုသည် လူငယ်အလုပ်သမားများဖြစ်ကြောင်း၊ ၎င်းတို့၏ အခွင့်အရေးနှင့် အလုပ်ခွင်အတွင်း မျှတမှုရှိရန် ကြိုးပမ်းအားထုတ်မှုများသည် အလုပ်သမားလက်ခံသော နိုင်ငံအချို့၏ စိတ်ပါဝင်စားမှုအားနည်းမှုကြောင့် ကြီးမားသောစိန်ခေါ်မှုများ ရှိနေသေးကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားကိစ္စသည် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်၍ တရားမျှတမှုနှင့် အခွင့်အရေးတန်းတူရရှိနိုင်ရေးအတွက် မြန်မာနိုင်ငံအနေနှင့် မည်သည့်နိုင်ငံ၊ မည်သည့်အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်သွားရန်အဆင်သင့်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံခြင်းသည် မြန်မာလူငယ်အလုပ်သမားများ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်သဖြင့် ပြည်ပရောက်လူငယ်အလုပ်သမားများအား ပြည်တွင်းသို့ပြန်လာနိုင်ရန် ကူညီခြင်းပင်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ အလုပ်သမားထု၏ လူနေမှုဘဝမြှင့်တင်ရေး၊ ကျွမ်းကျင်မှုနှင့် နည်းပညာအဆင့်အတန်းတိုးတက်ရေးနှင့် ပိုမိုကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများ ပွင့်လင်းစေရေးအတွက် နိုင်ငံတကာမှပံ့ပိုးကူညီမှု လိုအပ်ကြောင်း ပြောကြားခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ ဒုတိယခေါင်းဆောင် ပြည်ထောင်စုရွေးနေချုပ် ဒေါက်တာထွန်းရှင်သည် ဇွန် ၆ ရက်နှင့် ၁၁ ရက်တို့တွင် ILO အုပ်ချုပ်မှုအဖွဲ့ သဘာပတိ Mr. Greg Vines နှင့်တွေ့ဆုံ၍ မြန်မာနိုင်ငံအတွက် ကောင်းမွန်သောရလဒ်များ ရရှိရေးနှင့် ILOနှင့် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ ဇွန် ၁၂ ရက်တွင် ကျင်းပခဲ့သော ဘက်မလိုက်လှုပ်ရှားမှု အဖွဲ့ဝင်နိုင်ငံများ၏ အလုပ်သမားဝန်ကြီးများအစည်းအဝေးသို့ တက်ရောက်မိန့်ခွန်းပြောကြားခဲ့ရာတွင် မြန်မာနိုင်ငံ၌ အဘက်ဘက်မှတိုးတက်ပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ဤပြောင်းလဲမှုများကိုလည်း ကုလသမဂ္ဂနှင့် နိုင်ငံတကာလူမှုအသိုက်အဝန်းမှ အသိအမှတ်ပြုချီးကျူးခဲ့ကြပြီး မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အမျိုးမျိုးသော အရေးယူပိတ်ဆို့မှုများကို ဖြေလျှော့ပေးခြင်းများ အကျိုးဆက်အဖြစ် ပေါ်ပေါက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံ၌ အဓမ္မစေခိုင်းမှုနှင့်ပတ်သက်၍ ဥပဒေ၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးပိုင်းတို့သည် ဥပဒေနှင့်လက်တွေ့ပိုင်းတွင် တိုးတက်မှုများရှိ၍ ဤတိုးတက်မှုများကို အသိအမှတ်ပြုသင့်ကြောင်း၊ နိုင်ငံတော်သည် အဓမ္မစေခိုင်းမှုနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၉ အရ တားမြစ်ထားကြောင်း၊ နိုင်ငံရေးခံယူချက်အရလည်း ပါဝင်တားမြစ်ထားပြီး ပြစ်မှုအဖြစ်သတ်မှတ်ရန်နှင့် ပပျောက်စေရန် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရေးကို မေ ၁ ရက်တွင် နိုင်ငံတော်သမ္မတကြီးက မိန့်ကြားခဲ့ကြောင်း၊ ပြစ်ဒဏ်အဖြစ်သတ်မှတ်ထားသော ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ (ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁/၂၀၁၂)နှင့် ယင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ ပြဋ္ဌာန်းထားကြောင်း၊ ယခုတိုင် တည်ဆဲဥပဒေဖြစ်သော ပြစ်မှုဆိုင်ရာဥပဒေရှိကြောင်း၊ ဥပဒေသမိုင်းကြောင်းအရ မြန်မာနိုင်ငံတွင် တားမြစ်ခဲ့ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ အမိန့်(၁/၉၉)နှင့် ဖြည့်စွက်အမိန့်ရှိခဲ့ကြောင်း၊ ဥပဒေပိုင်းအပြင် လက်တွေ့ပိုင်း၌လည်း နားလည်မှုမှတ်တမ်း၊ ဖြည့်စွက်နားလည်မှုနှင့် နားလည်မှုစာချွန်လွှာများ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့နှင့်ချုပ်ဆိုခဲ့ကြောင်း၊ ထို့ကြောင့် ဥပဒေအပိုင်းနှင့် လက်တွေ့ပိုင်းတွင် တိုးတက်မှုများရှိကြောင်း၊ ယင်းအပြင် အလုပ်သမားများအကျိုးနှင့်စပ်လျဉ်းသည့် အခြားသော ဥပဒေသစ်များ ပြင်ဆင်သည့်ဥပဒေများပြဋ္ဌာန်းကြောင်း၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့၏ စံချိန်စံညွှန်းများနှင့်အညီ ပြဋ္ဌာန်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သည်မှာ အချိန်ကာလ (၁၂)နှစ် ကျော်လွန်ခဲ့ပြီဖြစ်ပြီး ပြောင်းလဲတိုးတက်မှုများစွာဖြစ်ပေါ်ခဲ့၍ ကမ္ဘာ့လူမှုအသိုက်အဝန်းမှလည်း ချီးကျူးမှုများစွာရရှိခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဥပဒေပိုင်းနှင့်လက်တွေ့ပိုင်းတွင် မြန်မာနိုင်ငံ၏ ဆောင်ရွက်မှုတို့သည် လွန်စွာကြီးမားသဖြင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့မှ အရေးယူပိတ်ဆို့မှုများကို ရုပ်သိမ်းရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် 87th ILC နှင့် 88th ILC တွင် ချမှတ်ထားသည့် ဆုံးဖြတ်ချက်များအား အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပြည်တွင်းဥပဒေအရ အပြည့်အဝဖြည့်ဆည်းခဲ့ပြီးဖြစ်၍ ILO သည် ၎င်း၏ကတိကဝတ်ကို စောင့်ထိန်းပြီး မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများ အားလုံးကိုရုပ်သိမ်းရန် စည်းမျဉ်းစည်းကမ်းအရ ပြောဆိုပေးနိုင်ရေးအတွက် ကူညီပေးစေလိုကြောင်းဖြင့် ပြောကြားခဲ့သည်ဟု သတင်းရရှိသည်။

(သတင်းစဉ်)



**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ပြည်ထောင်စုရွေးနေချုပ် ဒေါက်တာထွန်းရှင်တို့ ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ ကုလသမဂ္ဂအဆောက်အအုံ၌ ကျင်းပသည့် (၁၀၁)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

## ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်ဝင်ခွင့် လျှောက်လွှာခေါ်ယူ

**နေပြည်တော် ဇွန် ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနက ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများနှင့် နိုင်ငံတော်ကထုတ်ပြန်ထားသော ဒေသစရိတ်ခံစားခွင့်ရှိသည့် သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများမှ ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ၂၀၁၂-၂၀၁၃ ပညာသင်နှစ်အတွက် ဆေးတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ ခေါ်ယူထားကြောင်း၊ သတ်မှတ်အရည်အချင်းနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပြီး လျှောက်လွှာများကို ၂၀၁၂ ခုနှစ် ဇူလိုင် ၂၇ ရက် နောက်ဆုံးထား၍ ဆေးသိပ္ပံပညာဦးစီးဌာနသို့ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဆေးသိပ္ပံပညာဦးစီးဌာနတွင် မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# "မြန်မာ" ဝေါဟာရ သမိုင်းကြောင်း

**ကျော်ဇေအောင်**

မြန်မာဟူသောအသုံးအနှုန်းကို ပုဂံခေတ်ကျန်စစ်သားမင်း (အေဒီ ၁၀၈၄-၁၁၁၃) လက်ထက် ခရစ်နှစ် ၁၁၀၂ ခုနှစ်တွင် ရေးထိုးခဲ့သော "ကျန်စစ်သားမင်း၏ နန်းတည်ကျောက်စာ" ၌"မိရ်မာ"ဟူသောဝေါဟာရသည် မြန်မာကိုရည်ညွှန်းခြင်း ဖြစ်ကာ မည်(မွန်)နှင့် တိရ်ရုလ်(ပျူ)ဝေါဟာရတို့နှင့်တွဲ၍ ပထမဆုံးအကြိမ်အဖြစ် တွေ့ရခြင်းဖြစ်သည်။ ထို့နောက် အေဒီ ၁၁၉၀ ပြည့်နှစ်တွင် ရေးထိုးထားသည့် အမတ်ကြီး သိယ်သူကျောက်စာတွင် "မြန်မာပန်တျာ"ဟူ၍လည်းကောင်း၊ ခရစ်နှစ် ၁၂၃၅ ခုနှစ်တွင်ရေးထိုးသည့် ရတနာကုံထန်ကျောက်စာ၌ "မြန်မာပြည်"ဟူ၍လည်းကောင်း၊ ခရစ်နှစ် ၁၂၄၂ ခုနှစ်တွင်ရေးထိုးသည့် ဖွားစောခေါ် အမိဖုရားစောကျောက်စာတွင် "သို့အိုမြန်မာ"ဟူ၍လည်းကောင်း၊ ခရစ်နှစ် ၁၃၆၃ ခုနှစ်တွင် ရေးထိုးသော သက်တော်ရှည် ဘုရားကျောက်စာတွင်"မြံမာရွာတိ"ဟူ၍လည်းကောင်း တွေ့ရှိရသည်။ မြန်မာဝေါဟာရကို ကျောက်စာများတွင် မြံမာ၊ မြံမာပြည်၊ မြဟ္မ၊ မြဟ္မာပြည်၊ မြံမပြည်၊ မြံမ္မာပြည်၊ မြမ္မဘာသာစသည်ဖြင့် ပြောင်းလဲရေးထိုးခဲ့ကြောင်း တွေ့ရသည်။

ယနေ့တိုင် သမိုင်းပညာရှင်များ တညီတညွတ်တည်းလက်ခံ၍ ခိုင်လုံသေချာ စိတ်ချရသော ကျောက်စာအထောက်အထားများအရ မြန်မာဟူသောဝေါဟာရကို ပုဂံခေတ်မှ စတင်တွေ့ရှိရပြီး ပုဂံခေတ်နောက်ပိုင်းတွင်လည်း ယင်းသို့ပင် ဆက်လက်သုံးနှုန်းခဲ့ကြသည်ကို အထင်အရှားတွေ့ရသည်။ ဤသည်ကို ပုဂံခေတ်နောက်ပိုင်း အင်းဝခေတ် ခရစ်နှစ် ၁၄၈၅ ခုနှစ်တွင်ရေးထိုးသည့် စစ်ကိုင်းရတနာစေတီ ကျောက်စာ၌ "ဧရာ ပန်းရောင်၊ ပေါင်းလောင်း ချင်းတွင်းမြစ်၊ လေးစင်းအခံက ညွတ်မျှနေသော ကြည်းတောင်ဖျင်မျှ မြန်မာပြည်" ဟူ၍လည်းကောင်း၊ ခရစ်နှစ် ၁၅၀၉ ခုနှစ်တွင်ရေးထိုးသည့် ရတနာဗိမာန်ကျောက်စာ၌"မြောက်တစ်လွှားက သုနပရန္တ၊ တောင်ဘက်က တမ္ပဒီပမည်သော တိုင်းနှစ်တိုင်းကို ကြပ်တိုင်ဖုံးအုပ်၊ အာဏာချုပ်လျက် ပိုက်ထုပ်ရိုက်ရာ သာသနလတည် မြံမာပြည်" ဟူ၍လည်းကောင်း တွေ့ရှိရသည်။ မြန်မာစာပေရွှေခေတ်ဟု တင်စားခေါ်ဝေါ်ခဲ့သည့် အင်းဝခေတ်တွင် ကျောက်စာများ၌ သာမက ပျို့စာတို့တွင်လည်း တွေ့ရှိနိုင်ပေသည်။ ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် မြန်မာဟူသောဝေါဟာရသည် ရေးနည်းသာကွဲသွားမည်။ ဆိုလိုရင်းအဓိပ္ပာယ်သည် အတူတူပင်ဖြစ်သည်ကို သုံးသပ်ရပေသည်။ မြန်မာဟူသော ဝေါဟာရကို ဆက်လက်သုံးစွဲခဲ့သည်ကို နှောင်းပိုင်းခေတ်များတွင်လည်း တွေ့နိုင်ပေသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံးရာဇဝင်ကျမ်းဖြစ်သည့် အင်းဝခေတ်ရွှေနန်းကြော့ရှင် နရပတိ (၁၅၀၁-၁၅၂၇) လက်ထက် ရှင်မဟာသီလဝံသ ရေးသားပြုစုသည့် ရာဇဝင်ကျော်တွင် 'မြန်မာမင်းဆက်'အကြောင်းဟု ခေါင်းစဉ်တပ်ထားပြီး စာကိုယ်တွင်လည်း 'ငါတို့မြန်မာပြည်' ဟုသုံးနှုန်းထားသည်။ ရာဇဝင်ကျော် ပေါ်ထွက်ပြီး နောက်ပိုင်း **ဦးကုလားမဟာရာဇဝင်ကြီး၊ တွင်းသင်းမြန်မာရာဇဝင်သစ်၊ ဇာတာတော်ပုံရာဇဝင်၊ စေတီယကထာမည်သော ရာဇဝင်ချုပ်၊ မှန်နန်းရာဇဝင်တော်ကြီးနှင့် ကုန်းဘောင်ဆက်မဟာရာဇဝင်**တို့တွင်လည်း 'မြန်မာ' အသုံးအနှုန်းများဖြင့် ရေးသားထားသည်ကို တွေ့ရသည်။

ညောင်ရမ်းခေတ်နှောင်းပိုင်း ၁၉ ဇူလိုင် ၁၇၅၁ ခုနှစ်တွင် မြန်မာသံအဖွဲ့သည် တရုတ်နိုင်ငံ ပေကျင်း (Beijing) သို့ ဆိုက်ရောက်လာသည်။ သံတော်တို့ကို ယခင် မင်မင်းဆက်(၁၃၆၈-၁၆၄၄)ကာလတွင် မြန်မာသံအဖွဲ့ နေထိုင်ခဲ့ဖူးသောနေရာ၌ နေရာချထားပေးသည်။ ထိုသံတဲအတွင်းတွင် ရှေးယခင်က မြန်မာတို့ရေးထားခဲ့ဖူးသောစာရှိကြောင်း၊ ၎င်းတို့အတိုင်းတူအောင်ရေးရမည်ဟု ဥတည်ဘွားက အမိန့်တော်ရှိ၍ သံတဲအတွင်း တုပရေးရသည်။ ထိုစဉ်အခါ တရုတ်နေပြည်တော်သို့ ရောက်လာသော မြန်မာသံအဖွဲ့ဝင်များအား တူအောင်ရေးခိုင်းသော မြန်မာဝေါဟာရများမှာ တရုတ်မင်မင်းဆက်ကာလက တည်ရှိခဲ့ဖူးသော "မြန်မာဘာသာ သိပ္ပံကျောင်း" (Mien-tien-Kuan/The Institute of Myanma Language) မှ ကျန်ရစ်ခဲ့သော "မြန်မာဝေါဟာရပေါင်းချုပ်"မှ ဝေါဟာရဖြစ်ကြောင်း ထင်ရှားလေသည်။ မင်မင်းဆက် (Ming Dynasty) ကာလက ရေးသားခဲ့သော Mien-tien ဝေါဟာရကိုကြည့်ပါက ယခုခေတ် မြန်မာကိုခေါ်ဝေါ်နေသော Mian-dian နှင့်ထပ်တူနီးပါး တူညီလျက်ရှိကာ အသံထွက်မှာ "မြိန်တြိန်"ဟူ၍ ရသည်။

မြန်မာနိုင်ငံသို့ အနောက်ဥရောပနိုင်ငံသားများ စတင်ရောက်ရှိလာပြီးနောက် ၎င်းတို့က ခရီးသွားမှတ်တမ်းများရေးရာ၌ မြန်မာနိုင်ငံကို (Burmah) မြန်မာလူမျိုးကို (Burman) ဟု သုံးနှုန်းခဲ့ကြသည်။ သို့သော် ၎င်းတို့ရေးသားသည့် မှတ်တမ်းများမှာ အင်္ဂလိပ်ဘာသာဖြစ်၍ "မြန်မာ၊ ဗမာ" အငြင်းပွားဖွယ်ရာမရှိပေ။

ဗြဟ္မာကို အိန္ဒိယတိုင်းရင်းသားတို့က "ဗရ်ဟ်မာ"ဟုဖတ်ပြီး အင်္ဂလိပ်တို့က "ဗာရ်မာ"ဟု ဖတ်သည်။ ယင်း ဗာရ်မာဟူသော အင်္ဂလိပ်အရေးမှတစ်ဆင့် ဗမာဟူ၍လည်း ခေါ်ဝေါ်သည်ကို တွေ့ရပြန်သည်။

မြန်မာနိုင်ငံသို့ ခရစ်ယာန်သာသနာပြုများလည်း ရောက်ရှိလာရာ သာသနာပြုရာတွင် ဘာသာစကား အခက်အခဲရှိလာခဲ့သည်။ ထိုလိုအပ်ချက်ကို ဖြည့်ဆည်းရန် 'အင်္ဂလိပ်-မြန်မာအဘိဓာန်' 'မြန်မာ-အင်္ဂလိပ် အဘိဓာန်'များ ပြုစုခဲ့ကြသည်။ ထိုသို့ ပြုစုရာတွင် အသံထွက်တတ်ရန် အင်္ဂလိပ်စကားလုံးကို မြန်မာအသံထွက် ထည့်သွင်းရသကဲ့သို့ မြန်မာစကားလုံးကိုလည်း 'အင်္ဂလိပ်'အသံထွက်များဖလှယ်ကာ ထည့်သွင်းပြုစုရသည်။ အေဒီ ၁၇၇၆ ခုနှစ်တွင် အီတလီနိုင်ငံ ရောမမြို့၌ ပုံနှိပ်ထုတ်ဝေသော ကာပန် (Carpan)၏ (Alphabetum Barmanorum) စာအုပ်တွင် ဘားမား(Burma)ကို မြန်မာဟု အသံထွက်အမှန် ဖော်ပြရမည့်အစား ဘားမားဟုဖော်ပြခဲ့သည်။ ထိုနည်းတူ ခရစ်ယာန်သာသနာပြုပုဂ္ဂိုလ် ယုဒသန် (Judson)သည် အေဒီ ၁၈၁၃ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး မြန်မာစာပေ၊ မြန်မာစကားကို သင်ယူလေ့လာခဲ့သည်။ ထိုသို့ သင်ယူလေ့လာပြီးနောက် ၎င်းသည် 'မြန်မာ-အင်္ဂလိပ်အဘိဓာန်'ကို ပြုစုခဲ့သည်။ ထိုအဘိဓာန်ကို ၁၈၂၆ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုအဘိဓာန်တွင်

မြန်မာ a Burma မြန်မာလူ

မြန်မာနိုင်ငံအထက်ပိုင်း n- Upper Burma

မြန်မာဘာသာ n- the Burmese Language ဟု အနက်ပြန်ထားသည်။ ထိုသို့ နိုင်ငံခြားသားတို့က မြန်မာ- အင်္ဂလိပ်အဘိဓာန်များ ပြုစုခဲ့ကြသကဲ့သို့ မင်းတုန်းမင်း၏ သားတော်တစ်ပါးဖြစ်သော မက္ခရာမင်းသားကြီးသည် အင်္ဂလိပ်ကုန်သည်များထံမှ အင်္ဂလိပ်စာကို သင်ယူလေ့လာခဲ့ပြီး ၁၈၃၃ ခုနှစ်တွင် 'အင်္ဂလိပ်-မြန်မာအဘိဓာန်' ကို စတင်ပြုစုခဲ့ရာ မစ္စတာချာလိန်း (Mr.Charles Lane)က ကူညီတည်းဖြတ်ပေးခဲ့သည်။ ထိုအဘိဓာန်ကို ၁၈၄၁ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ကလကတ္တားမြို့၌ စတင်ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုစာအုပ်၏ အမှာစာကို မက္ခရာမင်းသားကြီးက မြန်မာဘာသာဖြင့် ရေးပြီး မစ္စတာချာလိန်း (Mr.Charles Lane)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုခဲ့သည်။ ထိုသို့ ပြန်ဆိုရာတွင် မက္ခရာမင်းသားကြီးက 'မြန်မာလူမျိုး'ဟု ရေးသည်ကို မစ္စတာချာလိန်း (Mr.Charles Lane)က Burman people ဟုလည်းကောင်း၊ 'မြန်မာဘာသာ'ကို Burman Language ဟုလည်းကောင်း ပြန်ဆိုထားသည်။

အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအပြီး မြန်မာတို့သည် အင်္ဂလိပ်ကိုလိုနီဘဝ ကျရောက်ခဲ့ကြသည်။ ကိုလိုနီခေတ်တွင် မြန်မာတို့အမျိုးသားစိတ်ဓာတ်များ နိုးကြားလာပြီး ၁၉၀၆ ခုနှစ်တွင် ဝိုင်အမ်ဘီအေ(ခေါ်)ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း (Young Men Buddhist Association/YMBA)တည်ထောင်၍ အမျိုး၊ ဘာသာ၊ သာသနာအတွက် ဆောင်ရွက်ခဲ့ကြသည်။ ထိုအသင်းသည် ၁၉၂၀ ပြည့်နှစ်တွင် ပြည်မြို့၌ အဌမအကြိမ်မြောက် ကွန်ဖရင့်ကျင်းပပြီး ဝိုင်အမ်ဘီအေဟူသော အမည်အစား ဂျီစီဘီအေ (General Council of Burmese Association/GCBA) မြန်မာအသင်းချုပ်ကြီးဟုအမည်ပြောင်းခဲ့သည်။ ၁၉၃၈ ခုနှစ်တွင် သခင်ဘသောင်း ဦးစီးသည့် တို့ဗမာအစည်းအရုံးပေါ်ပြီးသည့် နောက်ပိုင်းမှစ၍ 'ဗမာပြည်၊ ဗမာ'စသည့် အသုံးအနှုန်းများ တွင်ကျယ်လာခဲ့ပြန်သည်။ ၁ အောက်တိုဘာ ၁၉၃၉ ခုနှစ်တွင် ဗမာ့ထွက်ရပ်ဂိုဏ်းကို ဖွဲ့စည်းသည်။ ၂၇ ဒီဇင်ဘာ ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းသည်။ ဂျပန်ခေတ်(၁၉၄၂-၄၅)တွင် 'ဗမာနိုင်ငံတော်၊ ဗမာ အမျိုးသား'အသုံးအနှုန်းများ တွင်ကျယ်ခဲ့သည်။ ဂျပန်ခေတ်တွင် ဗမာနိုင်ငံတော် အုပ်ချုပ်ရေး စည်းမျဉ်းဥပဒေရေးဆွဲသည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးပြီးသည့်နောက် အင်္ဂလိပ်တို့ မြန်မာနိုင်ငံကို ပြန်လည်သိမ်းပိုက်ခဲ့သည်။ ဖဆပလမှ ဦးဆောင်၍ မြန်မာ့လွတ်လပ်ရေးရရန် ကြိုးပမ်းခဲ့ရာ ၁၉၄၇ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (The Constitution of Union of Burma) ရေးဆွဲနိုင်ခဲ့သည်။ ၄ ဇန်နဝါရီ ၁၉၄၈ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ (The Union of Burma) ပေါ်ထွန်းလာခဲ့သည်။ ထို့နောက် ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်စသည့်ခေတ်များ ဖြတ်သန်းလာပြီးနောက် ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (The Constitution of Socialist Republic of the Union of Myanmar) ပေါ်ပေါက်လာခဲ့သည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေအရ ၂ မတ် ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ (The Socialist Republic of the Union of Myanmar) ပေါ်ပေါက်လာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် မြန်မာနိုင်ငံ၏အခြေအနေများ ယိုယွင်းလာမှုကြောင့် ၁၈ စက်တင်ဘာ ၁၉၈၈ ခုနှစ်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က နိုင်ငံတော်တာဝန်ကိုယူခဲ့သည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ၁၈ ဇွန် ၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက နိုင်ငံတော်သီချင်းတွင် ပါဝင်သော 'ဗမာ' ဆိုသည့် စကားရပ်ကို တိုင်းရင်းသားအားလုံးကို ရည်ညွှန်းသည့် 'မြန်မာ'ဆိုသည့် စကားရပ်ဖြင့် ပြင်ဆင်ပြောင်းလဲခဲ့သည်။ ထိုနေ့တွင်ပင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေ ၁၆/၈၉ အရ စကားရပ်များ ပြောင်းလဲသတ်မှတ်သည့်ဥပဒေကို ထုတ်ပြန်သည်။ ထိုဥပဒေအရ "Union of Burma" အစား "The Union of Myanmar", Burma (သို့မဟုတ်) Burman (သို့မဟုတ်) Burmese အစား Myanmarဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရလျှင် ပုဂံခေတ်မှ ကုန်းဘောင်ခေတ်အထိ **မြန်မာ**ဟူသော ဝေါဟာရသည် နိုင်ငံနှင့်လူမျိုးကို ရည်ညွှန်းသည်။ သို့သော် မြန်မာနိုင်ငံသို့ ခရစ်ယာန်သာသနာပြုများနှင့် အနောက်နိုင်ငံသားများရောက်ရှိလာရာ မြန်မာနိုင်ငံကို ခေါ်ဝေါ်သုံးစွဲရာတွင် ဘားမား Burmah ဟု သုံးစွဲပြီး မြန်မာလူမျိုးကို **ဘားမင်း** Burman ဟု သုံးစွဲခဲ့ကြသည်။ ထို့နောက် ၁၉၃၀ ပြည့်နှစ်တွင် တို့ဗမာအစည်းအရုံး ပေါ်ပေါက်လာသောအခါ 'ဗမာပြည်'၊ 'ဗမာ' အသုံးအနှုန်းများ တွင်ကျယ်လာခဲ့သည်။ သို့စေကာမူ မြန်မာနိုင်ငံလွတ်လပ်ရေးရချိန်မှစ၍ နိုင်ငံနှင့်လူမျိုးကို 'မြန်မာ'ဟု တစ်သမတ်တည်း သုံးစွဲခဲ့သည်။ ယခင်က 'မြန်မာ'၊ 'ဗမာ' မည်သို့ပင် အသုံးအနှုန်းများရှိစေကာမူ ယနေ့အချိန်တွင် ပကတိအရှိတရားများနှင့်ကိုက်ညီသော မြန်မာဟူသည့် အသုံးအနှုန်းကို တရားဝင်ပြောင်းလဲသုံးစွဲနေပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ နိုင်ငံသားများသည် သမိုင်းအထောက်အထားခိုင်မာပြီး ပကတိအရှိတရားများနှင့် ကိုက်ညီသော "မြန်မာနိုင်ငံ" "မြန်မာပြည်သူ"အဖြစ် ဂုဏ်ယူဝင့်ကြွားစွာ တန်ဖိုးထားသုံးစွဲကြရမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။



## မိုးရာသီကာလ သစ်တောကြိုးဝိုင်းဖြတ်အမြန်လမ်းပိုင်းကို သတိပြုမောင်းနှင်ရန် လိုအပ်

**ရေတာရှည် ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောကြိုးဝိုင်း ဒေသတစ်လျှောက် ဖြတ်သန်းဖောက်လုပ်ထားသည့် အမြန်လမ်းပိုင်း၌ မိုးရာသီကာလတွင် တောတောင်များကြောင့် မြူများအုံ့ဆိုင်းနေတတ်ခြင်း၊ ရွှံ့နွံရေစီးကြောင်းများ စီးဆင်းတတ်ခြင်းနှင့် အကွေ့အကောက် အနိမ့်အဆင်း အစရှိသည်တို့ကြောင့် အစုန်အဆန် သွားလာလျက်ရှိသည့် ယာဉ်မောင်းများ အထူးသတိပြုရန် လိုအပ်သည်။**(အပေါ်ပုံ)**

ဆွာချောင်းအလွန် မြောက်ဘက်ခြမ်းရှိ ဂုံမင်းမြောင် တံတားဝန်းကျင်သည် မကြာခဏဆိုသလို ယာဉ်တိမ်းမှောက်ခြင်း၊ အရှိန်လွန်၍ ချောက်ထဲထိုးကျခြင်းများကြောင့် သေဆုံးမှုများမကြာခဏ ဖြစ်ပွားသည်ကိုတွေ့ရသည်။

လမ်းအကွေ့များတွင် တောင်ကုန်းများ ကွယ်နေခြင်း၊ အရှိန်မြှင့်တင်မောင်းနှင်သည့်အခါ ရုတ်တရက်လမ်းကွေ့အနိမ့်အမြင့် အနေအထားကို ကြိုတင်တွက်ချက်ထားမှု မရှိသည့်အတွက် ယာဉ်မတော်တဆမှုများ ဖြစ်ပွားတတ်သည်ဟု ယာဉ်မောင်းတစ်ဦးက ပြောပြသည်။ အမြန်လမ်းတစ်လျှောက် သစ်တောကြိုးဝိုင်းကို ဖြတ်သန်းမောင်းနှင်သည့်အခါ မိုးများရွာသွန်းလျှင် တောင်ကမ်းပါးယံနှင့် လမ်းဘေးရှိရွှံ့စေးများသည် မိုးရေကြောင့်လမ်းပေါ်ကို ရောက်ရှိတတ်သည်ကို တွေ့ရသည်။ ယခုအခါ ရန်ကုန်နှင့်မန္တလေး အစုန်-အဆန်လမ်းပိုင်းများတွင် ကိုယ်ပိုင်ယာဉ်ငယ်များ၊ ခရီးဝေးသွားမှန်လုံယာဉ်ကြီးများ ပိုမိုအသုံးပြုမောင်းနှင်လျက်ရှိပြီး ခရီးတစ်လျှောက် လမ်းညွှန်အမှတ်အသားဆိုင်းဘုတ်များ၊ သတိပေးချက်များအပြင် အနီးဝန်းကျင်ရှိကျွဲနွားများ ရုတ်တရက် ဖြတ်သန်းသွားလာမှုကို သတိပြုရန် လိုအပ်ကြောင်း အထက်ပါယာဉ်မောင်းကပင်ပြောပြသည်။ ကိုလွင်(ဆွာ)


## တောင်သူများ လိုအပ်ချက် ဖြည့်ဆည်းပေး စပါးစိုက်စရိတ်ချေးငွေ တစ်ဧက ကျပ် ၅၀၀၀၀နှုန်း တိုးမြှင့်သတ်မှတ်

ယခု ၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီကာလတွင် တောင်သူလယ်သမားများ၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့်အနေဖြင့် စပါးသီးနှံအပေါ် တစ်ဧကလျှင် ကျပ် ၅၀၀၀၀ နှုန်းဖြင့် တိုးမြှင့်သတ်မှတ်၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးသွားမည်ဖြစ်ပါသည်။

ယခင် စိုက်ပျိုးစရိတ်ထုတ်ယူထားခဲ့သည့် ချေးငွေများကို အကြေပြန်လည်ပေးဆပ်ပြီးဖြစ်သည့် တောင်သူလယ်သမားများကို ယခုမိုးစပါးစိုက်ပျိုးရာသီတွင် စိုက်ပျိုးစရိတ် တစ်ဧက ကျပ် ၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးသွားမည် ဖြစ်ပါသည်။

စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်ရန် ကျန်ရှိနေသေးသော တောင်သူလယ်သမားများအနေဖြင့်လည်း မိမိတို့ပေးဆပ်ရန် တာဝန်ရှိသည်များကို အမြန်ပြန်လည်ပေးဆပ်သွားနိုင်ရေးအတွက် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး၏ မြို့နယ်များအလိုက် နှိုးဆော်ကြပ်မတ်ဆောင်ရွက်ပေးသွားနိုင်ရန်ကြေညာအပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**


## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁၃-၆-၂၀၁၂ (ဗုဒ္ဓဟူးနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၈း၁၀ ၂။ "လက်တစ်ကမ်း"
၈း၄၀ ၃။ International News

**ညပိုင်း**

၄း၃၅ ၁။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ပထမနှစ် (အင်္ဂလိပ်စာမှလွဲ၍ အထူးပြုအားလုံး)(အင်္ဂလိပ်စာ)
၅း၃၀ ၂။ "ဘုံတလာရေတံခွန်သို့ အလည်တစ်ခေါက်"
၅း၄၅ ၃။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၆း၂၀ ၄။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၄၀ ၅။ ရွှေရင်ခုန်သံ
၇း၁၀ ၆။ "လက်တွေ့တင်ဆက် ကလေးတို့အိပ်မက်"
၈း၀၀ ၇။ ပြည်တွင်းသတင်း
၈။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆုံး" (အပိုင်း-၆၃)**
- မြန်မာဗီဒီယိုဇာတ်လမ်း " ကြယ်ကလေးရဲ့နှင်တံ" (ပြေတီဦး၊ နန္ဒာလှိုင်၊ ခင်လေးနွယ်) (ဒါရိုက်တာ-ကိုဇော်-အရုဏ်ဦး)

**နိုင်ငံတကာ အနုပညာရပ်ဝန်း** **အောဝမ်းစိုး**

## ဂျက်စတင်ဘီဘာ၏ မက္ကဆီကို ဂီတဖျော်ဖြေပွဲ

**မက္ကဆီကိုစီးတီး ဇွန် ၁၂**

ရင်ခုန်တတ်စအရွယ် ဆယ်ကျော်သက် မိန်းကလေးငယ်တို့၏အသည်းစွဲ အဆိုတော် ဂျက်စတင်ဘီဘာသည် သွားလေရာအရပ် ရောက်လေရာနိုင်ငံများတွင် ဂီတဖျော်ဖြေပွဲများကျင်းပသည့်အခါ မိန်းကလေးပရိသတ်များဖြင့် ကြိတ်ကြိတ်တိုးစည်ကားလေ့ရှိသည်။ **(ယာပုံ)**

မကြာသေးမီ ရက်များအတွင်းက ဂျက်စတင်ဘီဘာသည် အော့စလိုမြို့၊ ပါရီမြို့နှင့် လန်ဒန်မြို့တို့တွင် ၎င်း၏ ကမ္ဘာလှည့်ဖျော်ဖြေပွဲခရီးစဉ်အရ ဂီတဖျော်ဖြေပွဲများကျင်းပခဲ့ရာ မိန်းကလေးပရိသတ်များဖြင့် ဝက်ဝက်ကွဲစည်ကားခဲ့ပြီး လုံခြုံရေးတာဝန်ယူရသည့် ရဲအရာရှိများနှင့် ရဲတပ်ဖွဲ့ဝင်များအနေဖြင့် ဦးနှောက်ခြောက်အလုပ်ရှုပ်ခဲ့ရသည်။

ကနေဒါပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာသည် ၎င်း၏ကမ္ဘာလှည့်ဖျော်ဖြေရေးခရီးစဉ်အရ ဇွန် ၁၁ ရက် က မက္ကဆီကိုနိုင်ငံ မက္ကဆီကိုစီးတီးမြို့ရှိ ပရိသတ်ရှစ်သောင်းဆံ့ သမိုင်းဝင်ပလာဇာကြီး Zocalo တွင် ဗလာပွဲဂီတဖျော်ဖြေပွဲကျင်းပခဲ့ရာ ထုံးစံအတိုင်း မိန်းကလေးပရိသတ်တို့ဖြင့် အထူးစည်ကားခဲ့သည်။

ဂျက်စတင်ဘီဘာကို လာရောက်အားပေးသည့်ပရိသတ်မှာ နှစ်သိန်းကျော်ရှိရာ ကျန်ရှိသည့် ပရိသတ် ၁၂၀၀၀၀ ကျော်မှာ ပလာဇာအနီးရှိ လမ်းမကြီးများတွင် ထောင်ထားသည့် ပိတ်ကားကြီးများမှ တစ်ဆင့်အားပေးကြည့်ရှုခဲ့ရသည်။

ဂျက်စတင်ဘီဘာ၏ မက္ကဆီကိုဂီတဖျော်ဖြေပွဲတွင် ကျောင်းပြေး၍ လာရောက်ကြည့်ရှုအားပေးသူ မိန်းကလေးငယ်များက အများဆုံးဟုသိရသည်။ ဖျော်ဖြေပွဲ တာဝန်ရှိသူများက ယခုဖျော်ဖြေပွဲကို ရဲတပ်ဖွဲ့ဝင် ၅၀၀၀ ကျော်ဖြင့် ထိန်းသိမ်းကြပ်မတ်ခဲ့ရသည်ဟု ဆိုသည်။

ရဲတပ်ဖွဲ့တာဝန်ရှိသူတစ်ဦးက "ပရိသတ်အများစုကတော့ ၁၀ နှစ်ကနေ ၁၇ နှစ်အရွယ်ရှိ လူငယ်တွေပေါ့၊ အဲဒီအထဲမှာ အများဆုံးကတော့ မိန်းကလေးတွေပေါ့၊ ဗျာ၊ကျွန်တော်တို့မှာ ဂရုတစိုက်နဲ့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်ခဲ့ရပါတယ်" ဟုပြောကြားသည်။***အင်တာနက်။***



# ကမ္ဘာမြေလေ့လာရေး အသေးစားဂြိုဟ်တုလွှတ်တင်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၂

**ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအတွက် ဂျပန်နိုင်ငံအကူအညီဖြင့် လွှတ်တင်ပေးရန်ရှိသော ကမ္ဘာမြေလေ့လာရေး အသေးစား ဂြိုဟ်တုလွှတ်တင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ သတ္တုတွင်းဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံ Marubeni Aerospace Corporation မှ Programme Manager Mr. Shoichi SATOH နှင့် Japan Space System မှ Director Makoto IOKI တို့ ခေါင်းဆောင်သော ကိုယ်စားလှယ်များ၊ မိုးချယ်ရီထရေးဒင်းနှင့် Silver Wave Energy တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**



**ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအတွက် ဂျပန်နိုင်ငံအကူအညီဖြင့် လွှတ်တင်ပေးရန်ရှိသော ကမ္ဘာမြေလေ့လာရေး အသေးစား ဂြိုဟ်တုလွှတ်တင်ရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်က အဖွင့်အမှာစကားပြောကြားရာ၌ မြန်မာနိုင်ငံတွင် ယခင်က ရာသီဥတုခန့်မှန်းတိုင်းတာရေးအတွက် အခြားနိုင်ငံများမှရရှိသော သတင်းအချက်အလက်များအပေါ် မူတည်၍ ခန့်မှန်းတိုင်းတာတွက်ချက်ခဲ့ရကြောင်း၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီးတွင် JICA အကူအညီဖြင့် MTSAT ဂြိုဟ်တုမှ သတင်းအချက်အလက်များ ပေးပို့သဖြင့် ယခင်ကထက် ပိုမိုတိကျစွာ ခန့်မှန်းတိုင်းတာလာနိုင်ကြောင်း၊ ယခုနှစ် ဇန်နဝါရီလအတွင်းက ဂျပန်နိုင်ငံမှ လွှတ်တော်အမတ် H.E. Mr. Toshiaki Koizumi ဦးဆောင်သည့်အဖွဲ့ လာရောက်စဉ် မိမိတို့ဝန်ကြီးဌာနအတွက် မိုးလေဝသ ခန့်မှန်းတိုင်းတာရေးရေဒါ အကူအညီပေးရန် ကမ်းလှမ်းခဲ့ရာ ရေဒါစနစ်ထက် ပိုမိုကောင်းမွန်ပြီး အချိန်နှင့်တစ်ပြေးညီ သတင်းများရရှိနိုင်သော ဂြိုဟ်တုတစ်ခု လွှတ်တင်ပေးရန် သဘောတူခဲ့ကာ ယခုဂျပန်နိုင်ငံမှ ကိုယ်စားလှယ်များသည် ဂြိုဟ်တုလွှတ်တင်ရေးအတွက် ဖြစ်နိုင်ခြေလေ့လာရေးနှင့် အခြားဝန်ကြီးဌာနများအတွက် အသုံးပြုနိုင်မှုအခြေအနေများကို လေ့လာဆွေးနွေးရန် လာရောက်ခြင်းဖြစ်သဖြင့် တက်ရောက်လာကြသော ဝန်ကြီးဌာနများမှ မိမိတို့ဝန်ကြီးဌာနများအတွက် လိုအပ်ချက်များ၊ သိလိုသည်များကို ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးနိုင်ကြောင်း ပြောကြားသွားသည်။

ထို့နောက် ဂျပန်နိုင်ငံဘက်မှ မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံအကူအညီဖြင့် လွှတ်တင်ပေးသည့် ဂြိုဟ်တုနှင့် ပတ်သက်၍ Power Point ဖြင့် အသေးစိတ် ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသော ဝန်ကြီးဌာန ကိုယ်စားလှယ်များက မိမိတို့ဝန်ကြီးဌာနများတွင် ဂြိုဟ်တုစနစ် သုံးစွဲနေမှုနှင့် ယခုကမ္ဘာမြေ လေ့လာရေး ဂြိုဟ်တု လွှတ်တင်ပြီးပါက ဝန်ကြီးဌာန အလိုက် ရရှိလိုသော သတင်းအချက်အလက်များနှင့် ပတ်သက်၍ ဆွေးနွေး မေးမြန်းကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနအတွက် ဂျပန်နိုင်ငံမှ အကူအညီပေးမည့် ကမ္ဘာမြေလေ့လာရေး အသေးစားဂြိုဟ်တုသည် ဂြိုဟ်တုနှင့် အာရုံခံပစ္စည်းများ စုစုပေါင်း အလေးချိန် ၄၉၅ ကီလိုဂရမ် အလေးချိန်ရှိပြီး ကမ္ဘာမြေအထက် ၆၀၀ ကီလိုမီတာမှနေ၍ မိုးလေဝသနှင့် ဇလဗေဒ၊ လေကြောင်းနှင့် ပင်လယ်ရေကြောင်း ဆက်သွယ်မှု၊ စိုက်ပျိုးရေး၊ မြစ်ကြောင်းတစ်လျှောက် မြစ်ရေစီးဆင်းမှု၊ သစ်တောဆိုင်ရာစီမံခန့်ခွဲမှု၊ ရေကြီးမှုစောင့်ကြည့်ရေး အစရှိသည့်ကဏ္ဍများအတွက် သတင်းအချက်အလက်များ ရရှိနိုင်မည်ဖြစ်သည်။ ဂျပန်ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံရှိ ဝန်ကြီးဌာနကိုယ်စားလှယ်များနှင့် ဆွေးနွေးခြင်း၊ ဖြစ်နိုင်ခြေလေ့လာခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ဆက်လက်ဆောင်ရွက်ပြီး ယခုနှစ် နှစ်ကုန်ပိုင်းတွင် ဂြိုဟ်တုလွှတ်တင်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကျပ်ပြင်တိုက်နယ်ဆေးရုံ၌ တက်ရောက်ကုသနေသော လူနာများအား ကြည့်ရှုအားပေးစဉ်။** (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မန္တလေးတိုင်းဒေသကြီးအတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၁၂**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် ဇွန် ၁၀ ရက် နံနက် ၇ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျပ်ပြင်တိုက်နယ်ဆေးရုံသို့ သွားရောက်၍ အမျိုးသားလူနာကုသဆောင်၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်း၊ သားဖွားခန်း၊ မွေးလူနာခန်းနှင့် အမျိုးသမီးလူနာဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအစည်းအဝေးခန်းမ၌ တိုက်နယ်ဆေးရုံ တာဝန်ခံဆရာဝန် ဒေါက်တာမိုးထင်နှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် သပိတ်ကျင်းမြို့နယ် ပြည်သူ့ဆေးရုံကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းယုကိုနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ထို့နောက် မွန်းလွဲ ၁ နာရီခွဲတွင် စဉ့်ကူးမြို့နယ်ပြည်သူ့ဆေးရုံ၌ ဆေးကုသဆောင်၊ ခွဲစိတ်ခန်း၊ ခွဲစိတ်ခန်း၊ အမျိုးသမီးနှင့် ကလေးကုသဆောင်နှင့် သားဖွားခန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အစည်းအဝေးခန်းမ၌ ဆေးရုံကြီးကြပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ပြည်ထောင်စုဝန်ကြီးက မိခင်နှင့်ကလေးသေဆုံးမှုနှုန်း ပိုမိုလျော့နည်းကျဆင်းအောင် ဒေသဆိုင်ရာ အာဏာပိုင်များ၏ အကူအညီဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်နေသေးကြောင်း၊ ဝမ်းပျက်ဝမ်းလျှောရောဂါ ကာကွယ်ရေးအတွက် ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲစေခြင်း သာမက ရေကောင်းရေသန့်ရရှိရေး၊ အစားအသောက် သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ငန်းများကိုလည်း တစ်ပါတည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံစာရင်းဇယားများကို မှန်မှန်ကန်ကန် တိတိကျကျ ပြည့်ပြည့်စုံစုံ ဆောင်ရွက်ထားရှိကြရန် လိုအပ်ကြောင်း၊ ဆရာဝန်၊ သူနာပြုများ အနေဖြင့် မိမိတို့၏ ကျွမ်းကျင်မှုဆိုင်ရာ ဘာသာရပ် တိုးတက်မှုရှိအောင် စဉ်ဆက်မပြတ် လေ့လာသင်ယူ ဆည်းပူးနေကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**

ကြေညာချက်အမှတ် (၃၀/၂၀၁၂)

**၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်**
**(၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်)**

**ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်အား**
**နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ (၉)မိုင်၊ ပြည်လမ်း၊ အမှတ်(၂၆)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်အား ၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၏ မှတ်ပုံတင်အမှတ်မှာ(၅၆) ဖြစ်ပါသည်။

**အမိန့်အရ**

**(ဝင်းကို)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CRI အသံလွှင့်ဌာနတို့ပူးပေါင်း၍ မြန်မာကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CRI အသံလွှင့်ဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် မြန်မာကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲဝင်များအနေဖြင့် အသက်အရွယ်နှင့် ပညာအရည်အချင်း ကန့်သတ်ချက်မရှိ၊ ကဗျာခေါင်းစဉ် ခေါင်းစဉ်သတ်မှတ်ထားခြင်းမရှိ၊ မြန်မာ-တရုတ် ချစ်ကြည်ရင်းနှီးမှုကို ဖော်ညွှန်းရမည်ဖြစ်ပြီး နှစ်နိုင်ငံသဘာဝ အလှအပများနှင့် ယဉ်ကျေးမှုဓလေ့ထုံးစံများကို ရေးဖွဲ့စပ်ဆိုနိုင်သည်။ ကဗျာကို မြန်မာဘာသာဖြင့် ရေးဖွဲ့ရမည်ဖြစ်ပြီး သဒ္ဒါနှင့် စပ်ထုံးစပ်နည်းမှန်ကန်စွာ ရေးဖွဲ့ရပါမည်။ စာလုံးရေကန့်သတ်ချက်မရှိဘဲ အခြားနိုင်ငံများကို ထိခိုက်စေသော၊ နိုင်ငံရေးဆန်သည့် အရေးအသားများ မရှိစေရပါ။ ပြိုင်ပွဲဝင်သူများသည် ကလောင်အမည်၊ ကိုယ်ရေးအကျဉ်း၊ ပတ်စပို့ဓာတ်ပုံ (၂)ပုံ ပေးပို့ရမည်ဖြစ်ပြီး ကွန်ပျူတာဖြင့်ဖြစ်စေ၊ လက်ရေးဖြင့်ဖြစ်စေ စာတစ်မျက်နှာတည်းတွင် သပ်ရပ်စွာရေးသား၍ မူရင်းနှင့် မိတ္တူစာမူ (၂)စောင်၊ ကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း ကတိဝန်ခံချက်၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံဖော်ပြလျက် မြန်မာကဗျာရွတ်ဆိုပြိုင်ပွဲ ကျင်းပရေးကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား နေပြည်တော်(တပ်ကုန်း)သို့ လည်းကောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ရန်ကုန်(ပြည်လမ်း)သို့ လည်းကောင်း၊ Myanmar@cri.cn သို့ E.Mail ဖြင့် လည်းကောင်း ၂၀၁၂ ခုနှစ် အောက်တိုဘာ ၃၀ ရက် နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်သည်။

ပဏာမရွေးချယ်ခံရသော ကဗျာများကို ကြေညာပေးသွားမည်ဖြစ်ပြီး ရွေးချယ်ထားသော ကဗျာများ ရွတ်ဆိုပြိုင်ပွဲကို နိုဝင်ဘာလကုန်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ပြိုင်ပွဲတွင် အထူးဆု နှစ်ဦး (တရုတ်ပြည် အလည်အပတ်ခရီး)၊ ပထမဆုတစ်ဦး၊ ဒုတိယဆု သုံးဦး၊ တတိယဆု ငါးဦးနှင့် ကဗျာလက်ရာကောင်းဆုများကိုလည်း ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့အသံနှင့် ရုပ်မြင်သံကြား(နေပြည်တော်) ဖုန်း-၀၆၇-၇၉၄၇၅ နှင့် ၀၆၇-၇၉၃၇၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ဇီဝမျိုးစုံမျိုးကွဲတွေ**
**ကြွယ်စေဖို့**
**သဘာဝတောတွေ**
**ထိန်းသိမ်းစို့**

# မထသ(၃၁)အထူးယာဉ်လိုင်းသစ် မကြာမီပြေးဆွဲမည်

**ရန်ကုန် ဇွန် ၁၂**

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဘေလီတံတားထိပ်မှ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းအထိ ခရီးစဉ်ရေးဆွဲ သတ်မှတ်ထားသော အမှတ်(၃၁)မထသ အထူးယာဉ်ဘတ်စ်ကားလိုင်းကို မကြာမီ ဖွင့်လှစ်ကာ စတင်ပြေးဆွဲလာနိုင်တော့မည်ဖြစ်သည်။ ၎င်းခရီးစဉ်လမ်းကြောင်းမှာ တောင်ဥက္ကလာပ(ဘေလီ)မှ စတင်ကာ ပဒေသာ(၁၀ ဈေး)၊ ကျောက်ကုန်း၊ တာမွေ၊ မင်္ဂလာဈေး၊ ပုဇွန်တောင်၊ ဆူးလေနှင့် ဘုန်းကြီးလမ်းတို့ကို ဖြတ်သွားပြီး ဗိုလ်ချုပ်ဈေးအထိ ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ မထသယာဉ်လိုင်းသည် ယခင်က ပြေးဆွဲခဲ့ဖူးသည့် (၃၁) ဘတ်စ်ကား (ချက်ဗလက်)လိုင်းနေရာတွင် ပြန်လည်အစားထိုးနေရာယူကာ ပြေးဆွဲခြင်းဖြစ်ပြီး ယခင်လမ်းကြောင်းအတိုင်း ပြေးဆွဲခြင်းဖြစ်သည်။

ထိုမထသ(၃၁) အထူးယာဉ်လိုင်းတွင် ပြေးဆွဲရန် ကိုရီးယားနိုင်ငံထုတ် အဲယားကွန်းဘတ်စ်ကား စုစုပေါင်း အစီးရေ ၂၀ ခန့်ဖြင့် ပြေးဆွဲရန် အသင့်အနေအထားတွင် ရှိနေပြီဖြစ်သည်။

ယင်းအဲယားကွန်းဘတ်စ်ကားများကို အရစ်ကျစနစ်ဖြင့် ဝယ်ယူရရှိနိုင်စေရန် ကားတင်သွင်းသော ကုမ္ပဏီများနှင့် ယခင်(၃၁)(ချက်ဗလက်)ပိုင်ရှင်များကြား မထသ(ဗဟို)မှ စီစဉ်ဆောင်ရွက်ပေးထားခြင်းဖြစ်သည်။

မထသ(ဗဟို)၏ အစီအစဉ်များဖြင့် ယင်း အဲယားကွန်းဘတ်စ်ကားများအား ဝယ်ယူပြီး လိုင်းပြေးဆွဲလိုသော ၃၁ (ချက်ဗလက်)ကားပိုင်ရှင်များသည် ပထမအရစ် ပေးသွင်းငွေကျပ် ၇၈ သိန်းနှင့် ကားဟောင်းအပ်ထားသော စလစ်တို့သာ လိုအပ်ပြီး ကျန်ရှိသောငွေကျပ် ၁၄၆ သိန်းကို တစ်လလျှင် ငါးသိန်းလစဉ် ပေးသွင်းရမည်ဖြစ်ပြီး သတ်မှတ်ချိန်ကာလ သုံးနှစ်အတွင်း အကျေပြန်လည်ဆပ်ရမည်ဖြစ်သည်။

ယခုအခါ ပြေးဆွဲမည့်ယာဉ်လိုင်းများအတွက် CNG (သဘာဝဓာတ်ငွေ့) ဝယ်ယူခွင့်စာအုပ်များကို စွမ်းအင်ဝန်ကြီးဌာနသို့ လျှောက်ထား၍ ခွင့်ပြုမိန့်ကျပါက စတင်ပြေးဆွဲမည်ဖြစ်ပြီး မြောက်ဒဂုံ၌ နေထိုင်သော နေ့စဉ်ဘတ်စ်ကားစီးခရီးသွားပြည်သူများအတွက် အဆင်ပြေတော့မည်ဖြစ်ကြောင်း သိရသည်။

ပွင့်ဦး(ရန်ကုန်)

# စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး (၁၉)ကြိမ်မြောက် မြန်မာ့တပ်မတော်ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၂**

(၁၉)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမှတ်(၇) တည်းခိုရေးစခန်း ဆင်ဖြူရှင်ခန်းမ၌ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦး တက်ရောက်အမှာစကား ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးမြင့်သိန်းနှင့် နိုင်ငံခြားသား ဆေးဘက်ဆိုင်ရာပညာရှင်များ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ အကြံပေးပုဂ္ဂိုလ်၊ အကြံပေးအရာရှိ/ကျွမ်းကျင်သူများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆေးဝန်ထမ်းတပ်ဖွဲ့မှ တပ်မှူးများ၊ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုများ၊ ဖိတ်ကြားထားသူများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အခမ်းအနားအစီအစဉ် ပထမပိုင်းအား စတင်ကျင်းပရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် စစ်ရေးချုပ်နှင့် တက်ရောက်လာကြသူများသည် ဆင်ဖြူရှင်ခန်းမအတွင်း ခင်းကျင်းပြသထားသည့် သုတေသနလုပ်ဆောင်ချက်ပိုစတာများ၊ ခေတ်မီပြောင်းလဲဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံတကာဆေးနှင့် ဆေးပစ္စည်းပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးက အမှာစကားပြောကြားသည်။

ယင်းနောက် အခမ်းအနား တက်ရောက်လာကြသော ဆေးဝန်ထမ်းတပ်ဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ သုတေသီများက သက်ရှည်ကျန်းမာနေထိုင်ခြင်းအကြောင်း၊ ဆေးပညာသင်ကြားရေးဆိုင်ရာ အနာဂတ် မျှော်မှန်းချက်များအကြောင်းနှင့် ကလေးနှလုံးရောဂါအကြောင်းများကို ဟောပြောဆွေးနွေးကြပြီး ကလေးကျန်းမာရေးပညာ၊ ဆေးဝါးဗေဒ၊ အဏုဇီဝဗေဒ၊ ပြည်သူ့ကျန်းမာရေး၊ မေ့ဆေး၊ မျက်စိ၊ နား၊ နှာခေါင်းနှင့် သွားရောဂါဆိုင်ရာ သုတေသနစာတမ်းများကို ဖတ်ကြားကြသည်။

အဆိုပါနှီးနှောဖလှယ်ပွဲကို ဇွန် ၁၄ ရက်အထိ ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)






**စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (၁၉)ကြိမ်မြောက် မြန်မာ့တပ်မတော် ဆေးပညာရပ်ဆိုင်ရာ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေးမြောက်ရပ်ကွက် ဒေါ်သိန်းတင်လမ်း အမှတ်(၈၄-က)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာအမျိုးသားကွန်ဂရက်ပါတီ**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၈(ခ)နှင့် နည်းဥပဒေ ၁၄ (ဂ)တို့ဖြင့် ညွှန်ကြားချက်အရ ယင်းပါတီ၏အလံနှင့် တံဆိပ်တို့ကို အောက်ဖော်ပြပါအတိုင်း ပြင်ဆင်အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းပါတီက ပြင်ဆင်အသုံးပြုမည့် ပါတီအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့် နေ့မှစ၍(၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄(ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာအမျိုးသားကွန်ဂရက်ပါတီ၏ အလံပုံစံ**



**မြန်မာအမျိုးသားကွန်ဂရက်ပါတီ၏ တံဆိပ်ပုံစံ**



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**ဇွန် ၁၁ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အပြည်ပြည်ဆိုင်ရာ ပန်ကြပ်ဆီလပ်အဖွဲ့ချုပ်၌ ဇွန် ၁၁ ရက်မှ ၁၅ ရက်အထိ လေ့လာညှိနှိုင်းဆွေးနွေးရန် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်မှ အထွေထွေအတွင်းရေးမှူး ဦးမျိုးနောင်နှင့်အဖွဲ့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)



## နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ





ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း။

## တောင်ကိုရီးယား၏ ငြိမ်းချမ်းရေးဆု ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရွေးချယ်ခံရ

**ဆိုးလ် ဇွန် ၁၂**

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် တောင်ကိုရီးယားနိုင်ငံ၏ ၂၀၁၂ခုနှစ် ငြိမ်းချမ်းရေးဆုအတွက် ရွေးချယ်ခံရကြောင်း ဆိုးလ်ငြိမ်းချမ်းရေးဆု ဖောင်ဒေးရှင်းက ဇွန် ၁၂ရက်တွင် ထုတ်ပြန်ကြေညာသည်။

ဘန်သည် အမျိုးသမီးများနှင့် ကလေးများ၏အခွင့်အရေးများကို မြှင့်တင်ပေးနိုင်ရန်လည်းကောင်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆင်းရဲမွဲတေမှု တိုက်ဖျက်နိုင်ရန်လည်းကောင်း၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၌ ဒီမိုကရေစီကျင့်စဉ်များ တိုးတက်လာစေရန်လည်းကောင်း ကြိုးပမ်းဆောင်ရွက်ခြင်းကြောင့် ဆိုးလ်ငြိမ်းချမ်းရေးဆုအတွက် ရွေးချယ်ခံရကြောင်း အဆိုပါ ဖောင်ဒေးရှင်းက ပြောကြားသည်။

ဆိုးလ်ငြိမ်းချမ်းရေးဆုကို နှစ်နှစ်လျှင်တစ်ကြိမ်ချီးမြှင့်ပေးပြီး ဘန်ကီမွန်းသည် ယင်းဆုကို ဆွတ်ခူးရရှိသည့် ပထမဆုံးသော တောင်ကိုရီးယားနိုင်ငံသားဖြစ်သည်။ ဆိုးလ်ငြိမ်းချမ်းရေးဆုကို ၁၉၉၀ပြည့်နှစ်တွင် ပြဋ္ဌာန်းခဲ့သည်။ ၁၉၈၈ခုနှစ် ဆိုးလ်နွေရာသီ အိုလံပစ်အားကစားပွဲတော်၏ အောင်မြင်မှုအထိမ်းအမှတ်အဖြစ် အဆိုပါဆုကို ချီးမြှင့်ပေးသည်။

ဆိုးလ်ငြိမ်းချမ်းရေးဆုရရှိသူအား ဆုငွေဒေါ်လာ ၂၀၀၀၀၀ ချီးမြှင့်ပေးမည်ဖြစ်သည်။ ***အင်တာနက်။***

## တောင်ကိုရီးယားရှိ အမေရိကန်တပ်ဖွဲ့များအတွက် ခေတ်မီစစ်လက်နက်များ ပိုမိုဖြန့်ကြက်မည်

**ဆိုးလ် ဇွန် ၁၂**

တောင်ကိုရီးယားနိုင်ငံတွင် အခြေစိုက်ထားသည့် အမေရိကန်တပ်ဖွဲ့များ တိုက်ပွဲဝင်စွမ်းရည် မြှင့်တင်နိုင်ရန် အဆင့်မြင့်နည်းပညာသုံးစစ်လက်နက်ပစ္စည်းများကို ပိုမိုဖြန့်ကြက်ထားရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြောင်း ယင်းနိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏တပ်မှူးက ဇွန် ၁၂ ရက်တွင် ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံသည် ကာကွယ်ရေးအရ အသင့်အနေအထားဖြစ်မှုကို ထိန်းသိမ်းထားနိုင်ရေးအတွက် တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေးစနစ် ဖြန့်ကြက်နိုင်ရန် မိမိတို့ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အမေရိကန်တပ်မှူးက ပြောကြားသည်။

တောင်ကိုရီးယားနိုင်ငံက မြောက်ကိုရီးယားနိုင်ငံ၏ ခေါင်းဆောင်ပိုင်းကို စော်ကားမော်ကား ပြုလုပ်သည်ဟု မြောက်ကိုရီးယားက စွပ်စွဲခဲ့ပြီးနောက် နှစ်ပိုင်းကွဲပြားနေသည့် ကိုရီးယားကျွန်းဆွယ်ဒေသ၌ တင်းမာမှုများ မြင့်တက်လာချိန်တွင် အမေရိကန်တပ်မှူး ဗိုလ်ချုပ်ကြီးဂျိန်းစ်သာမန်၏ မှတ်ချက်စကား ထွက်ပေါ်လာခြင်းဖြစ်သည်။

တောင်ကိုရီးယားတွင် အမေရိကန်တပ်ဖွဲ့ဝင် ၂၅၀၀၀ ရှိပြီး စစ်အင်အားအခိုင်အမာဖြင့် ရပ်တည်ခဲ့သည်။ ***အင်တာနက်။***

## လစ်ဗျားနိုင်ငံ၌ ဗြိတိသျှသံတမန်ယာဉ်တန်း အာပီဂျီဖြင့်ပစ်ခတ်ခံရ

**ဘင်ဂါဇီ(လစ်ဗျား) ဇွန် ၁၂**

လစ်ဗျားနိုင်ငံ ဘင်ဂါဇီမြို့အရှေ့ပိုင်း၌ ဗြိတိသျှသံတမန်များ၏ မော်တော်ယာဉ်တန်းမှာ ဇွန် ၁၁ ရက်က ဒုံးပစ်လောင်ချာ (အာပီဂျီ)ဖြင့် ပစ်ခတ်ခြင်းခံရကြောင်း၊ လုံခြုံရေးအစောင့်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူများနှင့် သံတမန်များက ပြောကြားသည်။ ဘင်ဂါဇီမြို့ ဗြိတိသျှကောင်စစ်ဝန်ရုံး၏ အပြင်ဘက်၌ ရပ်ထားသည့် သံတမန်အမှတ်အသားပါ အဖြူရောင် သံချပ်ကာကားတစ်စီးကိုတွေ့ခဲ့ရာ ရှေ့ခရီးသည်ထိုင်ခုံတွင် သွေးကွက်များကိုမြင်ခဲ့ကြောင်း အေအက်ဖ်ပီသတင်းထောက်တစ်ဦးက ပြောသည်။

ဒုံးပစ်လောင်ချာဖြင့်တိုက်ခိုက်ခြင်းခံရ၍ ဒဏ်ရာရရှိသူမှာ ဗြိတိသျှအစောင့်တစ်ဦးဖြစ်ကြောင်း လစ်ဗျားလုံခြုံရေးအရာရှိများက ပြောသည်။

လန်ဒန်မြို့ နိုင်ငံခြားရေးရုံးမှ ပြောရေးဆိုခွင့်ရှိသူက လစ်ဗျားနိုင်ငံ၌ သံတမန်မော်တော်ယာဉ်တန်း တိုက်ခိုက်ခြင်းခံရမှုကို အတည်ပြုသည်။

ယင်းသို့တိုက်ခိုက်ခြင်းခံရသော ယာဉ်တန်းသည် ဘင်ဂါဇီမြို့ရှိ ဗြိတိသျှသံအဖွဲ့၏ အကြီးအကဲအတွက် လုံခြုံရေးဝန်ထမ်းများကို ခေါ်ဆောင်လာသော ယာဉ်တန်းဖြစ်သည်ဟု ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ယနစ်ရှုဖစ်က ပြောသည်။

လစ်ဗျားအာဏာပိုင်များအဆိုအရ ယင်းမြို့ရှိ ဗြိတိသျှသံရုံး၏ အပြင်ဘက်၌ ဗုံးအသေးစားတစ်လုံးပေါက်ကွဲပြီးနောက် ငါးရက်အကြာတွင် ဤသို့တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***



**ဗြိတိသျှသံတမန် ယာဉ်တန်း တိုက်ခိုက်ခြင်း ခံရပြီးနောက် လုံခြုံရေး တာဝန်ရှိသူများနှင့် အရပ်သားများ ရောက်ရှိလာစဉ်။**

## လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး တရုတ်နိုင်ငံ၌ ထုတ်ပြန်

**ပေကျင်း ဇွန် ၁၂**

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစီအစဉ်တစ်ရပ်ကို တရုတ်နိုင်ငံက ဇွန်၁၁ရက်တွင် ထုတ်ပြန်ကြေညာလိုက်ကြောင်း ချိုင်းနားဒေးလီးသတင်းစာက သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံတော်ကောင်စီ ပြန်ကြားရေးရုံးသည် ၂၀၁၂-၂၀၁၅ ခုနှစ် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ အစီအစဉ်ကို ထုတ်ပြန်ကြေညာလိုက်သည်။

တရုတ်နိုင်ငံသည် သမိုင်းကြောင်း၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဆိုင်ရာအကြောင်းအရာများအရ လူ့အခွင့်အရေးမြှင့်တင်ရေးလုပ်ငန်းတွင် ပြဿနာများနှင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း အဆိုပါအစီအစဉ်တွင် ဖော်ပြသည်။

တရုတ်နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံသာဖြစ်ပြီး ဖွံ့ဖြိုးတိုးတတ်မှုဆိုင်ရာ ပြဿနာများနှင့်လည်း တွေ့ကြုံနေရကြောင်း အဆိုပါ အစီအစဉ်တွင် ရေးသားထားသည်။

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးအစီအစဉ်သည် နိုင်ငံတော်၏ လူ့အခွင့်အရေးအခြေအနေ တိုးတက်မှုအတွက် အလွန်အရေးပါကြောင်း ချိုင်းနားဒေးလီးသတင်းစာက ရေးသားဖော်ပြသည်။ ***အင်တာနက်။***

# စစ်တက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၁ခုနှစ်(သို့မဟုတ်)၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဇီပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်၊ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်၊

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်၊

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်၊

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်၊

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်ဩဂုတ်လ (၁၉)ရက်နေ့တွင် ဖြေဆိုကြရမည်၊

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်၊

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်၊

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်၊ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်၊

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ၊ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်၊

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်၊ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်၊

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်၊

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်၊

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်၊

၆။ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) သင်္ချာ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၈)ရက်နေ့တွင် ဖြေဆိုကြရမည်၊

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်၊

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်၊

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်၊ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်၊

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ၊ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်၊

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းအလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) အသက် သတ်မှတ်ချက်နှင့်ပတ်သက်၍ ၂၀၁၃ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက် (၁၆)နှစ်အောက် မငယ်ရ၊ (၁၈)နှစ်ထက် မကြီးရ၊

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ (လူပျို)ဖြစ်ရမည်၊

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)ထက်မနည်းရပေါင်(၁၄၀) ထက်မကျော်ရ၊

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ၊

(င) ၂၀၁၂ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့်ဖြေဆို အောင်မြင်သူဖြစ်ရမည်၊ (အမှတ်စာရင်းတင်ပြရန်မလို)

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်၊

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းဒေသကြီး၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်၊

၄။ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဩဂုတ်လ (၃)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှတစ်ဆင့် **စစ်ရာထူးခန့်ချုပ်ရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)** သို့ ပေးပို့ကြရမည်၊

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီးအရည်အချင်းပြည့်မီသောလျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်၊

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲ သင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ

(ခ) ဇီဝဗေဒ

၇။ အရည်အချင်းစစ်စာမေးပွဲကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ၂၀၁၂ ခုနှစ်၊ဩဂုတ်လ (၁၇)ရက်နေ့တွင် ဖြေဆိုကြရမည်၊

၈။ အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့်နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်၊

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်၊

၁၀။ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်၊ ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်၊

၁၁။သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ၊ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/ မခံရ သည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်၊

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

## တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နိုင်ရန် သူနာပြုသိပ္ပံဘွဲ့ရအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ အမျိုးသမီး(အပျို)ဖြစ်ရမည်၊

(ခ) အကျင့်စာရိတ္တကောင်းမွန်ရမည်၊ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ(၁)လအတွင်း ရရှိသည့် ထောက်ခံစာမူရင်းနှင့်ပူးတွဲ တင်ပြနိုင်ရမည်၊

(ဂ) လျှောက်ထားသူသည် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၂၅)နှစ် ထက်မကြီးရ၊

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၂)လက်မနှင့် ကိုယ်အလေးချိန်(၉၅)ပေါင်ထက်မနည်းရ၊

(င) မိဘအုပ်ထိန်းသူ၏ ခွင့်ပြုချက်ရရှိရမည်၊

(စ) လျှောက်လွှာနှင့်အတူပါရှိသော ဆေးစစ်ပုံစံဖြင့် မိမိတို့နေထိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရှိတပ်မတော်ဆေးရုံ/ပြည်သူ့ဆေးရုံတွင် ပဏာမကျန်းမာရေး စစ်ဆေးအောင်မြင်သူဖြစ်ရမည်၊

(ဆ) သူနာပြုတက္ကသိုလ်မှ သူနာပြုသိပ္ပံဘွဲ့ (Bachelor of Nursing Science) ရရှိပြီးသူဖြစ်ရမည်၊ (ဘွဲ့လက်မှတ်မူရင်း တင်ပြနိုင်ရမည်)၊

(ဇ) တပ်မတော်မှ လေ့ကျင့်သင်ကြားမှုစနစ်အတိုင်း လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်၊

(ဈ) တပ်မတော်တွင်(၁၀)နှစ်အနည်းဆုံး စစ်မှုထမ်းဆောင်ရမည်၊

၂။ လျှောက်လွှာများကို ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးနှင့် မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူနိုင်သည်၊ လျှောက်လွှာကို ၂၀၁၂ခုနှစ်၊ ဇူလိုင်လ(၄)ရက်နေ့မှစ၍ ထုတ်ပေးမည်ဖြစ်ပြီး ၂၀၁၂ခုနှစ်၊ ဩဂုတ်လ(၁၇)ရက်နေ့ နောက်ဆုံးထား၍ လျှောက်လွှာတောင်းခံရရှိသော တိုင်းစစ်ဌာနချုပ်မှ တစ်ဆင့် စစ်ရေးချုပ်ရုံးသို့ ပေးပို့ကြရမည်၊

၃။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များကိုသာ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်၊ ဗိုလ်ရွေးအဖွဲ့တွင်ဝင်ရောက် အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီ ပေးပို့သွားမည်၊

၄။ ရွေးချယ်ခြင်းခံရသူများသည် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်း အောင်မြင်ပြီးလျှင် ဗဟိုဆေးတပ်တွင် ရက်သတ္တပတ်(၁၂)ပတ်ကြာ သင်တန်းတက်ရောက်ရမည်ဖြစ်ပြီး သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း လစာငွေ (၃၅၀၀၀)ကျပ်နှင့် နိုင်ငံတော်မှ ခံစားခွင့်ပြုထားသော အပိုထောက်ပံ့ကြေး(၃၀၀၀၀)ကျပ်၊ စုစုပေါင်း(၆၅၀၀၀)ကျပ် ခံစားခွင့်ရှိသည်၊

၅။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု (Nurse)အဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး ရာထူးခန့်ထားရေးစည်းမျဉ်းနှင့်အညီ သူနာပြု၊ အထက်တန်းသူနာပြု၊ သူနာပြုဆရာမကြီး၊ ဒုတိယသူနာပြုအုပ်၊ သူနာပြုအုပ်အဆင့်အထိ တိုးမြှင့်ပေးမည်ဖြစ်သည်၊

၆။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသော လျှောက်လွှာများနှင့်အချိန်မီ မရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ၊ မိမိတို့လျှောက်လွှာ တင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်း မေးမြန်းနိုင်သည်၊

မှတ်ချက်။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်၊

# လပ်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်နေ (ဗိုလ်မှူးအောင်ဝင်း၊ တပ်မတော်-လေ)-ဒေါ်စန်းရီ
တို့၏သားငယ်၊
ရဲမှူးချုပ်အောင်ဝင်းဦး(C.I.D) -ဒေါ်စန်းစန်းထွေးတို့၏ညီ/မောင်
**မိုးအောင်ဝင်း B.A (Myanmar)**
**Site Manager (Coal Mine Project) KBZ Industries Ltd.**
နှင့်
တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်နေ
ဦးစိုးဝေ-ဒေါ်မိုးမိုးသွယ်တို့၏သမီး
**ဝေနှင်းဖွေး B.A (Eco) LCCI Level 2**
**(Cement Plant Project) KBZ Industries Ltd.**

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူခွင့်ပြုချက်အရ ၉-၆-၂၀၁၂ ရက်တွင် လက်ထပ်ပြီးစီးပါကြောင်းနှင့် လက်ထပ်မင်္ဂလာဖြစ်မြောက်ရေးအတွက် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော တာချီလိတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအုန်းကျော်နှင့်ဇနီး၊ ကျေးဇူးတင်ထိုက်သူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

**မိုးအောင်ဝင်း-ဝေနှင်းဖွေး**

# ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက် လုပ်ငန်းသုံးပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအတွက်အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်းသုံးပစ္စည်းများကို ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| 1. | Nikon Flash Speed Light (SB-700) | 2 Nos |
| 2. | Nikon Lens AF-SDX 18-200mn F3.5,5.6 GED VR II Lens | 2 Nos |
| 3. | Switch 24-Ports DGS 1024D D-Link | 1 No |
| 4. | Nikon Digital Camera D300s | 2 Nos |
| 5. | Digital Camera Sony α 290Y | 150 Nos |
| 6. | Panasonic AVCHD Camcorder model: AG-AC7 | 10 Nos |
| 7. | Airconditioner (Split Type) (2HP) with Installation meterial | 1 No |
| 8. | Personal Computer Processor Core i7 | 15 Nos |
| 9. | Laser Printer (A4) Canon Laser Shot LBP-2900B | 15 Nos |
| 10. | Document Scanner Canon DR-3010C | 1 No |
| 11. | Digital multifunction Copier (A3) Konica Bizhub-211 | 3 Nos |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၆-၂၀၁၂ရက်မှ ၂၄-၆-၂၀၁၂ရက်နေ့အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀နာရီ ရုံးဖွင့်ရက်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၅-၆-၂၀၁၂ရက်နေ့ ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇၊ ၄၁၂၃၂၃**







# ပြန်ကြားရေးဝန်ကြီးဌာန
## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းဝယ်ရန်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် စက်ပစ္စည်းများကို အောက်ဖော်ပြပါအတိုင်း ဝယ်ယူလိုပါသည်-

(က) 3 Meter VSAT Link System -1 Set
(ခ) Fibre Interface & Video Equipment -1 Lot

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၃-၆-၂၀၁၂ ရက်မှ ၂၁-၆-၂၀၁၂ ရက်နေ့အထိ နေ့စဉ် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီ ရုံးဖွင့်ရက်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၂၂-၆-၂၀၁၂ ရက်နေ့ ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်-

**ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၇၊ ၄၁၂၃၂၃**

# B.Ag.(1972)
## သူငယ်ချင်းများသို့

- တစ်အူထုံ့ဆင်းမဟုတ်ပေမယ့်၊ အတူဆုံဆည်းခဲ့တဲ့ B.Ag.(1972) သူငယ်ချင်းများ၊ ယခုဆို ဆံပင်ဖြူဇရာဖက် အသက်တွေ(၆၀) အထက်စွန်းပြီမို့ ငယ်ဘဝကို သတိတရ မြို့မတေးဂီတနှင့် ဒီဇင်ဘာ ၂ရက်မှာ မန်းတောင်ရိပ်ခိုကြရအောင်-
- အသပြာငွေအတွက် ငွေစာရင်းအမှတ် S100S0011009471M; မြဝတီဘဏ်၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့သို့ ငွေလွှဲပို့ပေးပါ။
- မိသားစုphoto albumအတွက်၆လက်မ×၄လက်မအရွယ် ကာလာဓာတ်ပုံ ၂ပုံကို ဦးဘွန်သိန်း၊ တိုက်အမှတ် ၃၉၊ ၅လွှာ၊ သီရိလမ်း၊ စမ်းချောင်းမြို့သို့ လိပ်မူ၍ ဇွန်လအတွင်း ပို့ပေးပါ။

**ဘွန်သိန်း**
**ဖုန်း-၀၉-၄၃၁၀၈၈၇၇**






# အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်
## NATIONAL MANAGEMENT COLLEGE
## ဒီပလိုမာသင်တန်းများအတွက် သင်တန်းလျှောက်လွှာခေါ်ယူခြင်း

အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်နှင့် Winner Computer Groupတို့ ပူးပေါင်းဖွင့်လှစ်သော အောက်ပါAdvanced ဒီပလိုမာသင်တန်း အမှတ်စဉ်(၆)ကို ဖွင့်လှစ်မည် ဖြစ်ပါသည်။

၁။ သင်တန်းအမည် - Advanced Diploma in Information and Communication Technology အမှတ်စဉ်(၆)
Advanced Diploma in Software Engineering အမှတ်စဉ်(၆)
Advanced Diploma in Hardware Engineering အမှတ်စဉ်(၆)
Advanced Diploma in Network Engineering အမှတ်စဉ်(၆)

၂။ အနိမ့်ဆုံးပညာအရည်အချင်း - Diploma in Information and Communication Technology/Diploma in Software/Diploma in Hardware/Diploma in Network Engineering အောင်လက်မှတ်ရရှိပြီး တက္ကသိုလ်ဝင်တန်းစာမေးပွဲ အောင်မြင်ပြီးသူ ဖြစ်ရမည်။

၃။ သင်တန်းကာလ - (၁)နှစ်

၄။ သင်တန်းအချိန် - စနေ၊ တနင်္ဂနွေ

၅။ စတင်ဖွင့်လှစ်မည့်နေ့ရက် - ၃၀ ဇွန်လ ၂၀၁၂၊ (သင်တန်းစတင်လက်ခံနေပြီ)

အသေးစိတ်သိလိုပါက အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၂၉၁၉၁၃၊ ၀၁-၇၀၃၂၃၀သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်**

# မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း
## အသင်းဝင်သင်္ဘောသားများသိသာရန်
## The Day of the Seafarer-2012

The Day of the Seafarer-2012 အထိမ်းအမှတ်-ပျော်ပွဲ/ရှင်ပွဲအခမ်းအနားအား ၂၅-၆-၂၀၁၂ရက် (တနင်္လာနေ့)တွင် မင်းခေါင်လမ်းရှိ MCC ခန်းမ၌ နံနက် ၁၀နာရီမှ စတင်ကျင်းပမည်ဖြစ်ပါသဖြင့် တက်ရောက်မည့် အသင်းဝင်သင်္ဘောသားများသည် ဖိတ်စာများအား အသင်းရုံးတည်ရှိရာ အမှတ်-၅၃၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့သို့လာရောက်၍(အခမဲ့)ထုတ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၃၉၂၀၇၆၊ ၃၇၅၈၂၀၊ ၃၈၁၅၉၂၊ ၀၉-၇၃၀၅၀၆၀၁၊ ၀၉-၇၃၀၅၀၆၀၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးကြေညာအပ်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**
**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားများအသင်း**




# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅နည်းဥပဒေ ၁နှင့် ၅
## ရန်ကုန်အရှေ့ပိုင်းခရိုင် နယ်တရားမရုံး၌
## ၂၀၁၁ခုနှစ်၊ တရားမကြီးမှုအမှတ်-၈၁၈

| | | |
|---|---|---|
| ဒေါ်သန်းသန်းမြင့် | နှင့် | ၁။ ဦးကျော်မန်း |
| ၎င်း၏ကိုယ်စားအထူးကိုယ်စားလှယ်စာရသူ | | ၂။ ဦးတင်ငွေ |
| ဦးမြင့်ဦးကျော် | | |
| **တရားလို** | | **တရားခံ** |

အမှတ်-၆၂(အေ)၊ ဖိုးစိန်လမ်း၊ နတ်မောက်ရပ်ကွက်၊ တာမွေမြို့နယ် (ယခုနေရပ်လိပ်စာမသိသူ) ဦးတင်ငွေသိစေရမည်။ သင့်အပေါ်၌ တရားလိုက ကားရလိုမှုနှင့်အမျိုးအမြတ်ရလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ်၊ ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၈ရက်၊ (၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင် လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက် ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ်၊ ဇွန်လ ၇ရက် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**နော်အက်ဂနက်စ်**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှကြီးမှူးကျင်းပသည့်

ကချင်ပြည်နယ် ကျေးလက်ဒေသနေ တိုင်းရင်းသားပြည်သူများ ဖွံ့ဖြိုးရေး

ရန်ပုံငွေပဒေသာကပွဲ

ရုပ်ရှင်အနုပညာရှင်များစွာဖျော်ဖြေတင်ဆက်မည်

(၁၅/၁၆-၆-၂၀၁၂)နေ့ အမျိုးသားကဇာတ်ရုံ မြို့မကျောင်းလမ်း

ပြဇာတ်လက်မှတ်များကို(၁) မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဖုန်း ၀၁ ၅၄၄၂၇၀၊၅၄၄၂၇၁ (၂) အောင်မြင့်ရုပ်ရှင်ရုံ ဖုန်း ၀၁ ၂၅၈၉၆၂၊၂၅၈၉၆၃ (၃) ဝဇီရာရုပ်ရှင်ရုံ ဖုန်း ၀၁-၃၇၃၃၅၀ တွင် ကြိုတင်လက်မှတ်ရောင်းပြီ

ဖွင့်ဦး သစ်မွှေးနိုက်ခင်းနှင့်မျိုးဥယျာဉ်

ကချင်ပြည်နယ်သစ်မွှေး (Northern Agarwood)

(Agarwood flower Tea)

ဆိုင်းကပ်ရန် -၀၉-၅၀၂၈၈၉၀၊ ၀၉-၆၈၄၅၀၀၅၆

သစ်မွှေးပါ(Group)

အရည်အချင်းပြည့် BEST

သင်္ချာသုံး အင်္ဂလိပ်စာကောင်းသင်တန်းဖွင့်ပြီ

ဖုန်း ၀၉-၅၃၀ ၂၈၉၇၇

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ကျွန်စစ်သားရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ်-၄/၂၃၉၂-၂၃၉၃၊ အကျယ်အဝန်း ပေ(၅၀×၅၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးတင်သန်း[၁၂/ဒလန(နိုင်)၀၀၂၈၉၉]က အမည်ပေါက် ဦးဝင်းခိုင်မိုး[၁၂/ရကန(နိုင်)၀၁၃၃၆၁]ထံမှ ၆-၆-၂၀၁၂ ရက်က ဝယ်ယူထားသော မြေကွက် အရောင်းအဝယ်စာချုပ်၊ မြေချပါမစ်မူရင်းအား ပြသပြီး လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေက စရန်ငွေ ပေးချေဝယ်ယူထားပြီး ဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဇော်မြတ်(LL.B)** (စဉ်-၂၄၂၂၄)

**ဒေါ်စုသန္တာဝင်း(LL.B.,LL.M)** (စဉ်-၃၅၂၉၇)

**အထက်တန်းရှေ့နေနှင့်ဥပဒေအကြံပေး**

**အမှတ်(၅၅)၊ ဒု-ထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၀၅၄၃၃၉၊ ၀၉-၄၃၀၃၁၁၅၀**

လှိုင်မင်းလတ်

LCCI Level-I,II&III

| Level I+II | | | |
| --- | --- | --- | --- |
| Sec(A) | Sat+Sun | 7-9 | (am) |
| Sec(B) | Sun | 11-3 | (pm) |
| Sec(C) | Mon+Tue | 6-8 | (pm) |
| Sec(D) | Thur+Fri | 3-5 | (pm) |
| Level III | | | |
| Sec(A) | Sat-Sun | 3-5 | (pm) |
| Sec(B) | Wed-to-Sun | 6-8 | (pm) |
| Sec(C) | Tue-to-Fri | 8-12 | (am) |

June [illegible]

09 7313 4677

09 510 9922

ကွန်ပျူတာပုရောဟိတ်



01388841 0861?9128

MCC TRAINING INSTITUTE

Siam University [illegible]

B.B.A (Hotel & Tourism Management)

B.B.A (International Business Management)

B.B.A (Finance and Banking)

Siam University နှင့် MCC Group [illegible] Degree Program [illegible] Siam University [illegible] Bachelor [illegible] Master [illegible]

B.B.A [illegible] MCC Training Institute (Yangon Campus) [illegible] Siam University [illegible]



Opening Date: 25 June 2012

01-245762, 01-249152, 01-246634, 01-395512

ကားဝယ်မယ်ဆိုရင် လူကြီးမင်းတို့အတွက် ယုံကြည်စိတ်ချရမှုက အရေးကြီးဆုံးပါ။



ဇေမိုးထိုက် စီးပွားရေးအကျိုးဆောင်လုပ်ငန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသိအမှတ်ပြု

(ကြိုကြားမှတ် – Sa Ka-0038)

Model [illegible]

Visa [illegible] Passport [illegible]

Live [illegible]

http://jpcenter.ru [illegible]





* ZMH Universal Services Co., Ltd. [illegible]

* [illegible] ZMH Universal Services Co., Ltd. [illegible]

* [illegible]

ZMH Universal Services Co.,Ltd.

N0.25, Lake Kan Street, 7ward, Parundaung Township, Yangon,Myanmar.

Tel : 959-49316271, 73216001,73901201, 73901202, 73252362, 73252363.

Fax : 951-202879, E-mail : zmhuniversal@gmail.com

Show Room

## ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုလွှတ်တော်**
**ကြေညာချက်အမှတ်(၂/၂၀၁၂)**

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

**ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၉ နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၃ တို့အရ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်(၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်) ဗုဒ္ဓဟူးနေ့၊ နေ့လယ် ၁၃း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) ခင်အောင်မြင့်**
**နာယက**
**ပြည်ထောင်စုလွှတ်တော်**

## ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်သူ့လွှတ်တော်**
**ကြေညာချက်အမှတ်(၂/၂၀၁၂)**

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၆ နှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက်(၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်) ဗုဒ္ဓဟူးနေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) သူရရွှေမန်း**
**ဥက္ကဋ္ဌ**
**ပြည်သူ့လွှတ်တော်**

## ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားလွှတ်တော်**
**ကြေညာချက်အမှတ်(၂/၂၀၁၂)**

၁၃၇၄ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်
(၂၀၁၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

**ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကျင်းပရန် ခေါ်ယူခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၅၅ နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၃၄ တို့အရ ပထမအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို နေပြည်တော်၌ ၁၃၇၄ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက် (၂၀၁၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်) ဗုဒ္ဓဟူးနေ့၊ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပရန်ခေါ်ယူကြောင်း ကြေညာလိုက်ပါသည်။

**(ပုံ) ခင်အောင်မြင့်**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

## နေပြည်တော် လွှတ်တော်ရုံးသို့ လွှတ်တော်ကိုယ်စားလှယ်များ သတင်းပို့ကြရန်

**နေပြည်တော် ဇွန် ၁၂**

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဇူလိုင် ၄ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးများကို ယင်းနေ့နံနက် ၁၀ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ လွှတ်တော်အစည်းအဝေးခန်းမများ၌ကျင်းပရန် ခေါ်ယူထားရာ အဆိုပါအစည်းအဝေးများသို့ တက်ရောက်ရန် ဖိတ်စာများကို လွှတ်တော်ကိုယ်စားလှယ်များထံသို့ ပေးပို့ထားသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လိုအပ်သည့်ပြင်ဆင်မှုများပြုလုပ်နိုင်ရန် အစည်းအဝေးဖိတ်စာများ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ နေပြည်တော် လွှတ်တော်ရုံးသို့ ဇူလိုင် ၂ ရက်ထက် မစော ၃ ရက်ထက် နောက်မကျစေဘဲ သတင်းပို့ကြရန်နှင့် ကိုယ်စားလှယ်အသိအမှတ်ပြုလွှာနှင့် ကိုယ်စားလှယ်စိစစ်ရေးကတ်ပြားတို့ကို ယူဆောင်လာကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပကော်မရှင်အဖွဲ့ တွေ့ဆုံ အနာဂတ်မြန်မာနိုင်ငံ၏ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးရေးဆွေးနွေး

**နေပြည်တော် ဇွန် ၁၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပကော်မရှင်အဖွဲ့-အဖွဲ့ခေါင်းဆောင် သံအမတ်ကြီး Mr.David Lipman နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ကော်မရှင်ဥက္ကဋ္ဌ၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

**တက်ရောက်**

ယင်းသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြင့်နိုင်၊ ဦးအောင်မြင့်၊ ဦးဝင်းကြည်၊ ဦးညွန့်တင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာ၌ အနာဂတ်ကာလ မြန်မာနိုင်ငံ၏ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များတွင် ကူညီဆောင်ရွက်ပေးရေးဆိုင်ရာများ၊ မြန်မာနှင့် ဥရောပကော်မရှင်နှစ်ရပ်အကြား အပြန်အလှန်ချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်မားတိုးတက်လာစေရေးနှင့် ကော်မရှင်လုပ်ထုံးလုပ်နည်းဆိုင်ရာ လေ့လာဆန်းစစ်သူများ စေလွှတ်ပေးရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)



**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးအား ဥရောပကော်မရှင်အဖွဲ့-အဖွဲ့ခေါင်းဆောင် သံအမတ်ကြီး Mr. David Lipman နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။**
(သတင်းစဉ်)

**မှတ်သားဖွယ်ရာ မိုးရေချိန်များ**
(၁၂-၆-၂၀၁၂)

မြစ်ကြီးနား ၃ ဒသမ ၈၆ လက်မ
ကသာနှင့် တောင်ငူ သုည ဒသမ ၉၈ လက်မစီ

ကျောက်ဖြူ၊ ရေးနှင့် မြိတ်
သုည ဒသမ ၉၄ လက်မစီ

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ ကမ်းရိုးတန်းဒေသများတွင် မိုးပိုလာနိုင်သည်။**